## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

## (၂၅) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်**

**(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ကို နံနက် ၁၁း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၆၄ ဦး တက်ရောက်ပါတယ်။ အစည်း အဝေးသို့တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၈၅.၄၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၃-၈-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၆ ဦးအနက် တက်ရောက်သူဦးရေ ၃၆၄ ဦးရှိပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၆၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၆၂ ဦး အနက် ၃၈ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၂၄ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၂) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ခွင့် ၁ ရက်၊

(၃) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၁ ရက်၊

(၄) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၅) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၁ ရက်၊

(၆) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်၊

(၇) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၈) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၉) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ခွင့် ၁ ရက်၊

(၁၀) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်ဝမ်း ခွင့် ၁ ရက်၊

(၁၁) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၂) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်၊

(၁၃) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၁၄) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၁ ရက်၊

(၁၅) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၁၆) မအူပင်မဲဆန္ဒနယ် ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၁၇) ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၈) မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင် ခွင့် ၁ ရက်၊

(၁၉) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက်၊

(၂၀) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းတင် ခွင့် ၁ ရက်၊

(၂၁) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၁ ရက်၊

(၂၂) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၁ ရက်၊

(၂၃) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၁ ရက်နှင့်

(၂၄) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါ့မယ်။

**နေလှန်းဆားထုတ်လုပ်သောတောင်သူများ၏ လန(၃၉)ရရှိပြီးသောမြေများကို ဘဏ်များ၌ပေါင်နှံခြင်းကိုခွင့်ပြုပေးရန်အစီအစဉ်ရှိ/မရှိနှင့် တစ်နှစ်ထက်တစ်နှစ်လုပ်ငန်းအရှုံးပေါ်နေသော ဆားတောင်သူများအတွက် နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်စသည်တို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇော်ထွန်း(လပွတ္တာမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ နှုတ်ခွန်း

ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံမှာ ရှိတဲ့ နေလှန်းဆားထုတ်လုပ်တဲ့ ကျေးလက်နေဆားတောင်သူများကိုယ်စား မေးခွန်း ၄ ခုကို ရှင်းလင်းချက်နှင့်အတူ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြထားပြီးဖြစ်တဲ့အတွက် ဆားတောင်သူများကိုယ်စား အောက်ပါမေးခွန်း ၄ ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်-

(၁) နေလှန်းဆားထုတ်လုပ်သောဆားတောင်သူများ၏ လန (၃၉) ရရှိပြီးသော ဆားလယ်များကို လယ်ယာမြေနှင့် ငါးမွေးကန်များကဲ့သို့လည်းကောင်း အခြားလန (၃၉) ရရှိပြီးသောမြေများကဲ့သို့ နိုင်ငံတော်အစိုးရက အသိအမှတ်ပြုထားသောဘဏ်များ၌ ပေါင်နှံခြင်းကို ခွင့်ပြုပေးနိုင်ရန်အစီအစဉ်ရှိ/မရှိ။

(၂) နာဂစ်မုန်တိုင်းပြီးနောက် တစ်နှစ်ထက်တစ်နှစ်လုပ်ငန်းအရှုံးပေါ်နေသော ဆားတောင်သူများအတွက် နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်အစရှိတဲ့အခက်အခဲများဖြစ်ပေါ်နေသော အခြေအနေကို ကူညီပေးနိုင်မည့်အစီအစဉ်များရှိ/မရှိ။

(၃) ဆားတောင်သူများကိုချေးထားသော အထူးချေးငွေများကို ပြည့်ဝစွာပြန်လည်ပေးသွင်းပြီးသူ၊ ၅၀ ရာခိုင်နှုန်းပြန်လည်ပေးသွင်းပြီးသူနှင့် ညှိနှိုင်းသတ်မှတ်ချက်များကို လိုက်နာပြီး ဆောင်ရွက်ခဲ့ကြတဲ့ဆားတောင်သူများအတွက် ချေးငွေတစ်ရပ်အသစ် ပြန်လည်ထုတ်ချေးပေးနိုင်မည့်အစီအစဉ် ရှိ/မရှိနှင့်

(၄) တစ်နိုင်ငံလုံး၌ ဆားထုတ်လုပ်နယ်မြေ ၃ ခုသာရှိတဲ့ ဆားတောင်သူများအတွက် အသားထုတ်လုပ်သူများ၊ သီးနှံထုတ်လုပ်သူများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ အသေးစားအလတ်စားလုပ်ကိုင်သူများ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရနှင့် အဖွဲ့အစည်းအသီးသီးတို့မှ စီမံကိန်းများချမှတ်ပြီးဆောင်ရွက်ပေးသကဲ့သို့ ဆားတောင်သူများကိုလည်း ၎င်းတို့ဘဝမြှင့်တင်နိုင်ရေးအတွက်ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်ရှိ/မရှိသိလိုကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးပဲကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းရဲ့မေးခွန်း ၄ ခုအနက် ပထမဦးဆုံးမေးခွန်းကို ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာ လင်းအောင်မှရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့စီးပွားရေး ဘဏ်ဟာ အများပြည်သူအပ်နှံထားတဲ့ အပ်ငွေများအပေါ်မှာအခြေခံပြီးတော့မှ ချေးငွေများထုတ်ချေး လျက်ရှိပါတယ်။ ဒီလိုထုတ်ချေးတဲ့နေရာမှာ နိုင်ငံတော်အစိုးရက အာမခံပေးတဲ့ချေးငွေများအတွက် ကိုတော့ အာမခံပစ္စည်းရယူခြင်းမရှိဘဲထုတ်ချေးပါတယ်။ အာမခံပေးတဲ့အဖွဲ့အစည်းတွေကလည်း နိုင်ငံတော်အစိုးရရဲ့ဌာန၊ အဖွဲ့အစည်းများဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းတွေဟာ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၊ စည်ပင်သာယာရေး ကော်မတီနှင့် နိုင်ငံတော်အစိုးရရဲ့စီးပွားရေးလုပ်ငန်းများဖြစ်ပြီးတော့မှ ဒီလိုထုတ်ချေးခြင်းအတွက်ကို နိုင်ငံတော်အစိုးရက ရာနှုန်းပြည့်အာမခံရှိပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို ထုတ်ချေးတဲ့နေရာမှာ အာမခံပစ္စည်းရယူပြီး ထုတ်ချေးပြီးတော့ ဒီကိုထုတ်ချေးရာမှာလည်းမြေကဲ့သို့သော အာမခံပစ္စည်း တစ်မျိုးတည်းကိုရယူခြင်းမရှိဘဲနဲ့ မြေနှင့် မြေပေါ်ရှိမရွှေ့မပြောင်းနိုင်သောပစ္စည်းများကို အတင်း အကြပ်ရောင်းဈေးအပေါ်မှာ မြေအတွက် ၃၀ ရာခိုင်နှုန်း၊ အဆောက်အဦအတွက် ၅၀ ရာခိုင်နှုန်း ထက်မပိုသောနှုန်းနဲ့တွက်ချက်ပြီးတော့ ချေးငွေထုတ်ချေးတဲ့အပြင် ဒီအာမခံပစ္စည်းတွေကို စာချုပ် ချုပ်ဆိုပြီး ဘဏ်မှရယူထားပါတယ်။ ဒီအာမခံပစ္စည်းတွေ တစ်စုံတစ်ရာကိစ္စကြောင့် ဆုံးရှုံးမှုဖြစ်ပေါ် လာလို့ရှိရင် ဘဏ်အနေနဲ့ နစ်နာဆုံးရှုံးမှုမဖြစ်စေဖို့ အာမခံပစ္စည်းကို မီးအာမခံထားရှိခြင်းနဲ့ ဆုံးရှုံးနိုင်ခြေကို ဒုတိယအဆင့်ထပ်မံအကာအကွယ်ရယူပြီး ထုတ်ချေးလျက်ရှိပါတယ်။ ဒါ့အပြင် ဘဏ်များဟာ အများပြည်သူအပ်နှံငွေတွေကို ပြန်လည်ထုတ်ချေးရခြင်းဖြစ်တဲ့အတွက် ဆုံးရှုံးမှုမရှိစေဖို့ ချေးငွေထုတ်ချေးရာမှာလည်း ဖော်ပြပါအချက်တွေကိုထည့်သွင်းစဉ်းစားပြီး ထုတ်ချေးပေးခြင်းဖြစ်ပါ တယ်။ ဒါတွေကတော့ ဆုံးရှုံးနိုင်ချေရှိမှု၊ အချိန်မီပြန်လည်ပေးဆပ်နိုင်မှု၊ လုံလောက်တဲ့အာမခံပေးနိုင်မှု၊ အာမခံဟာပျက်စီးဆုံးရှုံးနိုင်ခြေနည်းမှု၊ အလွယ်တကူကိုင်တွယ်သိမ်းဆည်းနိုင်မှု၊ ဈေးကွက်ရှိမှုတို့ပဲ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ လန(၃၉)ရရှိပြီးတဲ့ဆားလယ်မြေကို အာမခံရယူပြီး နေလှန်းဆားလုပ်ငန်းများကို ချေးငွေထုတ်ချေးရန်ကိစ္စမှာ လက်ရှိလုပ်ငန်းရှင်များကိုထုတ်ချေးတဲ့ ချေးငွေလုပ်ထုံးလုပ်နည်းနဲ့ကိုက်ညီမှုမရှိတဲ့အပြင် ချေးငွေထုတ်ချေးဖို့ ကူးသန်းရောင်းဝယ်ရေးဘဏ် များမှ တွက်ချက်တဲ့စံနှုန်းများနဲ့လည်း ကိုက်ညီခြင်းမရှိကြောင်းတွေ့ရှိရပါတယ်။ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၉ လန(၃၉)ရရှိပြီးဖြစ်တဲ့ ဆားလယ်မြေမှာ နေလှန်းဆားထုတ်လုပ်ခြင်း ရှိ/မရှိကို ရာဖြတ်နှုန်းမှန်ကန်စေဖို့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်နဲ့ ဒေသတွင်းမှာရှိတဲ့ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ် ရေးလုပ်ငန်းရုံးတွေက ထောက်ခံချက်ပေးနိုင်မှာဖြစ်ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနရဲ့ ပြန်ကြားချက် အရသိရှိရပါတယ်။

ဒါပေမဲ့လည်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို သဘောထားတောင်းခံတဲ့နေရာမှာ အစိုးရအဖွဲ့ရဲ့ရှင်းလင်းပြန်ကြားချက်အရ လန(၃၉)ရရှိပြီးတဲ့ ဆားလယ်မြေကိုအာမခံရယူပြီးတော့ နေလှန်းဆားလုပ်ငန်းတွေကို ချေးငွေထုတ်ချေးရန်ကိစ္စဟာ မြန်မာ့စီးပွားရေးဘဏ်ရဲ့ ချေးငွေလုပ်ထုံး လုပ်နည်းနဲ့ကိုက်ညီမှုမရှိခြင်း၊ ဘဏ်မှတွက်ချက်တဲ့ စံနှုန်းနဲ့ကိုက်ညီမှုမရှိခြင်း၊ ဆုံးရှုံးနိုင်ခြေများပြား ခြင်းတို့ကြောင့် ယခင်ကလည်း ထုတ်ချေးခြင်းမပြုခဲ့ကြောင်း ပြန်ကြားထားတာရှိပါတယ်။ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ လန(၃၉)ရရှိပြီးတဲ့ ဆားလယ်မြေကိုအာမခံရယူပြီး နေလှန်း ဆားလုပ်ငန်းတွေကို ချေးငွေထုတ်ချေးရန်အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မိုင်းပြင်းမြို့နယ်အတွင်း တာဝန်ထမ်းဆောင်နေကြသောဝန်ထမ်းများအား ရှားပါးစရိတ်၊ လုပ်ခလစာများ တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပြင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် လေ့လာရန်ရောက်ရှိလာကြတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းမြေ့ပါစေကြောင်း ပဏာမဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းပြင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းပြင်းမြို့နယ်သည် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်ခရိုင်အတွင်း၌တည်ရှိပါသည်။

တောင်ကုန်းတောင်တန်း ထူထပ်များပြားသောမြို့ငယ်ဖြစ်ပြီး တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်မြို့သို့ သွားရာ ပြည်ထောင်စုလမ်းမကြီးနှင့် မိုင်းပြင်း-မိုင်းဆတ်၊ မိုင်းပြင်း-မက်မန်းသို့သွားရာ နွေရာသီသုံး ကားလမ်းများဖြင့် ဖြတ်သန်းအသုံးပြုကြရပါသည်။ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအနည်းငယ်၌သာ မြေပြန့်လွင်ပြင်များတည်ရှိပြီး ကျန်သောမြို့နယ်ဧရိယာ၏ ၇၅ ရာခိုင်နှုန်းကျော်သည် တောင်ပေါ်ဒေသ ကားလမ်းမပေါက်သေးသောအရပ်များဖြစ်ကြ၍ ကုန်ပစ္စည်းများသယ်ယူရန်နှင့် သွားလာ အသုံးပြုရန်အတွက် လား၊ မြင်းများဖြင့်လည်းကောင်း၊ ဆိုင်ကယ်ဖြင့်လည်းကောင်း၊ ထမ်းပိုးသယ်ယူ ခြင်းဖြင့်လည်းကောင်း ခက်ခဲပင်ပန်းစွာသွားလာကြရပါသည်။ ယင်းကဲ့သို့ ခက်ခက်ခဲခဲသွားလာကြရ သည့်အတွက် ကုန်ပစ္စည်းဈေးနှုန်းများမှာ ခေါက်ချိုးမျှဈေးမြင့်မားစွာဝယ်ယူကြရပါသည်။ မိုင်းပြင်း မြို့သည် တောင်ကြီး-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးပေါ်တွင်ကျရောက်နေသော်လည်း တောင်ကြီး- မိုင်းပြင်းကားဂိတ်မရှိ၍သော်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပကုန်ပစ္စည်းအများစုကို ကျိုင်းတုံမှ တစ်ဆင့်သယ်ယူရောင်းချခြင်းဖြင့်သော်လည်းကောင်း ယာဉ်အသုံးပြုခများ၊ နှုန်းထားများမှာ အခြား ဒေသများနဲ့နှိုင်းယှဉ်ပါက ဈေးအလွန်မြင့်မားနေကြောင်းတွေ့ရှိရပါသည်။ သို့ဖြစ်၍ မိုင်းပြင်းမြို့သည် နယ်စွန်နယ်ဖျား နယ်စပ်မြို့လေးပမာ ကုန်ပစ္စည်းရှားပါးမှု၊ ကုန်းဈေးနှုန်းကြီးမြင့်မှုတို့ဖြင့် ဝယ်ယူ စားသုံးသူများအတွက် ဒုက္ခများစွာကြုံတွေ့လျက်ရှိနေပါသည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော် အစိုးရအမှုထမ်း၊ အရာထမ်းများအနေဖြင့် တာဝန်ပေးရာဒေသများသို့ ခက်ခဲပင်ပန်းစွာတာဝန် ထမ်းဆောင်ရာ၌ နိုင်ငံတော်မှထောက်ပံ့ပေးသောလုပ်ခ၊ လစာငွေများကို ဝမ်းရေးအတွက်လောက်ငှ အောင် ချိုးခြံချွေတာနေရသည့်အပြင် ပြည်နယ်ရုံး၊ မြို့နယ်ရုံးများသို့ရုံးကိစ္စ၊ အစည်းအဝေးကိစ္စ၊ သင်တန်းနှင့် လစာထုတ်ကိစ္စများဖြင့် မလွဲမရှောင်သာသွားရပါက ဆိုင်ကယ်တစ်တန်၊ ကား တစ်တန်ဖြင့်သွားလာရသည့်အတွက် ခရီးစရိတ်များအလွန်ကုန်ကျ၍ လောက်ငှမှုမရှိကြောင်းကိုလည်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပြင်းမြို့နယ်အတွင်း တာဝန်ထမ်းဆောင် လျက်ရှိသော နိုင်ငံတော်အစိုးရဌာနအသီးသီးမှ အမှုထမ်း၊ အရာထမ်းတို့အား ငဲ့ညှာသနား ထောက်ထားသောအားဖြင့် မြန်မာနိုင်ငံတစ်နံတစ်လျား အစွန်အဖျားဒေသများပမာ နယ်စပ်မြို့နယ်များ နည်းတူ ဒေသတွင်းရှားပါးစရိတ်၊ လုပ်ခ၊ လစာငွေများတိုးမြှင့်ထောက်ပံ့ပေးရန် နိုင်ငံတော်မှအစီအစဉ် ရှိ/မရှိသိရှိလို၍ ရိုသေလေးစားစွာဖြင့်မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါ တယ်။

## ဖြေကြားချက်

**ဒေါက်တာ လင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းပြင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်ရဲ့မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်မှရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီရဲ့ ၉-၅-၁၉၇၉ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၂၂/၇၉) နှင့် ယခင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရဲ့ ၁၅-၃-၂၀၁၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၀၁/၂၀၁၂) တို့ဖြင့် ဒေသစရိတ်ခံစားခွင့်ရှိတဲ့မြို့နယ် ၈၇ မြို့နယ်ကိုသတ်မှတ်ခဲ့ရာမှာ ရှမ်းပြည်နယ်မှာ မိုင်းပြင်းမြို့နယ်ဟာ လူမှုရေးခက်ခဲတဲ့အဆင့်မှာပါဝင်ခဲ့ခြင်းမရှိပါဘူး။ အဆိုပါ ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲတဲ့ဒေသများမှာရှိတဲ့ဝန်ထမ်းများကို ဒေသစရိတ်ခံစားခွင့်ပြုရေးအတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်များမှမေးမြန်းခဲ့တဲ့အတွက် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလမှာ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲတဲ့မြို့နယ်/မြို့နယ်ခွဲ ၈၇ ခုအပြင် လုံခြုံရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ဒေသများ ထပ်မံကျန်ရှိခြင်းရှိ/မရှိ စိစစ်တင်ပြစေခဲ့ရာမှာ တိုင်းဒေသကြီး/ပြည်နယ်များမှ စုစုပေါင်းဒေသ ၂၂ ခုကို ဝေးလံခေါင်သီတဲ့ဒေသအဖြစ် ထပ်မံသတ်မှတ်သင့်ကြောင်းတင်ပြလာခဲ့ပြီးတော့ တင်ပြချက်တွေအနက်မှ ရှမ်းပြည်နယ်ရဲ့တင်ပြချက်မှာ မိုင်းပြင်းမြို့နယ်ကို ဝေးလံခေါင်သီတဲ့ဒေသအဖြစ် ထပ်မံထည့်သွင်းတင်ပြခဲ့ခြင်းမရှိကြောင်းလည်းတွေ့ရှိရပါတယ်။

အထက်ပါ တိုင်းဒသကြီး/ပြည်နယ်များမှ ထပ်မံဖြည့်စွက်တင်ပြလာတဲ့ ဒေသ ၂၂ ခုကို ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲတဲ့ဒေသများအဖြစ်ထပ်မံဖြည့်စွက်ပြီးတော့မှ စုစုပေါင်းဒေသ ၁၀၉ ခုမှာ တာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းတွေအတွက် ဒေသစရိတ်ခံစားခွင့်တွေကို ယခင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရဲ့ ၁၅-၂-၂၀၁၃ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်( ၂၈၆/၂၀၁၃) ထုတ်ပြန်ပြီးတော့ ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းနှင့်စပ်လျဉ်းပြီးတော့လည်း ပြည်ထဲရေးဝန်ကြီးဌာနကို မေးမြန်းခဲ့တဲ့အခါမှာ မိုင်းပြင်းမြို့နယ်ဟာ တောင်ကြီး-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးပေါ်မှာ တည်ရှိတဲ့အတွက် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံခေါင်သီတဲ့ဒေသမှာပါဝင်ခြင်းမရှိတဲ့အတွက် ယင်းမြို့နယ်မှာရှိတဲ့ အစိုးရဌာနများမှဝန်ထမ်းများကို ရှားပါးစရိတ်၊ လုပ်ခလစာ/လစာ ၂ ဆ

တိုးမြှင့်ခံစားခွင့်ပြုဖို့အစီအစဉ်မရှိသေးပါကြောင်းလည်းသိရှိရပါတယ်။ သို့ပါ၍ မိုင်းပြင်းမြို့နယ် အတွင်း တာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းများကို နယ်စပ်မြို့နယ်များနည်းတူ ဒေသတွင်းရှားပါးစရိတ်၊ လုပ်ခလစာများ တိုးမြှင့်ထောက်ပံ့ရန်အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဇော်ထွန်း၊ လပွတ္တာမဲဆန္ဒနယ်က မေးခွန်းမေးတဲ့နေရာမှာ ၂ ပိုင်းခွဲပြီးမေးထား ပါတယ်။ တစ်ပိုင်းက ဘဏ္ဍာရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားပြီးပါပြီ။ တစ်နှစ်ထက်တစ်နှစ် လုပ်ငန်းအရှုံးပေါ်နေသော ဆားတောင်သူများအတွက် နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်စသည် တို့နှင့်စပ်လျဉ်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ သတ္တုတွင်းဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ ကျန်းမာ ခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပြီးကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင် ဖြစ်ပါ တယ်။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းသွားတဲ့ ဒုတိယမေးခွန်းကို ကျွန်တော်ဆက်လက်ပြီးတော့မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးတဲ့နောက် တစ်နှစ်ထက်တစ်နှစ် လုပ်ငန်း အရှုံးပေါ်နေသော ဆားတောင်သူများအတွက် နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်အစရှိသော အခက်အခဲများဖြစ်ပေါ်နေသောကြောင့် ၎င်းတို့အား အကူအညီပေးနိုင်မည့် အစီအမံများရှိ/မရှိနှင့် ပတ်သက်ပြီးတော့ ဒုတိယမေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ၁၉၆၃ ခုနှစ်မတိုင်မီအထိ မြန်မာ နိုင်ငံတွင် ချက်ဆားများကိုသာ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်နောက်ပိုင်းမှာ မြန်မာနိုင်ငံမှာ ချက်ဆားထုတ်လုပ်ခြင်းကနေပြီး နေလှန်းဆားထုတ်လုပ်ခြင်းစီမံကိန်းကို ဂျပန်နည်းပညာရှင် မစ္စတာ ကေဒါဝါဒိုရဲ့ နည်းစဉ်လေးဟာ ဆားချက်ထုတ်လုပ်မှုနှင့် နေလှန်းဆားထုတ်လုပ်နည်းကို အခြေခံပြီး မြန်မာပညာရှင်များက စမ်းသပ်အကောင်အထည်ဖော်ဆောင်ရွက်ဖို့ မွန်ပြည်နယ်တွင် ကျိုက်ခမီ စံပြ နေလှန်းဆားကွင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် မကျည်းပင်စံပြနေလှန်းဆားကွင်း၊ ရခိုင်ပြည်နယ်တွင် စနဲစံပြနေလှန်းဆားကွင်း စမ်းသပ်ထုတ်လုပ်ပြီး ချက်စားထုတ်လုပ်သူများကို ခေါ်ယူပြသပြီးတဲ့နောက် နည်းပညာများ ပြောင်းလဲဖြန့်ဖြူးပေးခဲ့ပါတယ်။ အရည်အသွေးမီ နေလှန်းဆားထုတ်လုပ်ခြင်း နည်းပညာနှင့်ပတ်သက်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဆားလုပ်ငန်းရုံးများမှ ဖြန့်ဖြူး အကူအညီပေးဆောင်ရွက်လျက်ရှိပါတယ်။ ထုတ်လုပ်သည့် ဆားကြမ်း၊ ဆားချောများ၏

အရည်အသွေးကို စစ်ဆေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း သုတေသနဌာနခွဲ ဓာတ်ခွဲခန်းမှ စမ်းသပ်ပေးလျက်ရှိပါတယ်။ ယခုအခါမှာ Unicef ကျန်းမာရေးဌာနတို့နှင့်ပူးပေါင်းပြီး ပြည်သူတွေအားလုံး အိုင်အိုဒင်းဆားစားသုံးရေးစီမံချက်အတွက် ပုဂ္ဂလိက ဆားလုပ်ငန်းရှင်များထုတ်လုပ်သော အိုင်အိုဒင်းဆားချောများမှာ အိုင်အိုဒင်းပါဝင်မှုနှုန်းပြည့်ဝခြင်းရှိ/မရှိ စစ်ဆေးပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံတွင် ဆားစားသုံးမှုအနေနဲ့ စံနှုန်းယူထားချက်အရ လူတစ်ဦးလျှင် နေ့စဉ် ၀.၅ ကျပ်သားခန့် စားသုံးပါ၍ လူဦးရေ သန်း ၆၀ အတွက် တစ်နှစ်လျှင် ဆားတန်ချိန် ၁၇၆၃၅၅ တန်ခန့် လိုအပ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဆားရာသီအတွင်း ဆားတန်ချိန်ပေါင်း ၁၉၆၆၁၆ တန်ခန့် ပုဂ္ဂလိကကဏ္ဍမှ ထုတ်လုပ်ခဲ့ပါတယ်။ နှစ်အလိုက် လက်ကျန်ဆားများလည်းရှိနေသဖြင့် ဆားဈေးနှုန်းသည် ထုတ်လုပ်မှုဈေးအောက်လျော့နည်းနေသောကြောင့် ၂၀၁၀ ခုနှစ်တွင် ကျောက်မျက်လုပ်ငန်းရှင်များနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ ဆားလုပ်ငန်းရှင်များထံမှ ကျပ်သန်းပေါင်း ၁၂၀၀ တန်ဖိုးရှိတဲ့ ဆားကြမ်းများ ဝယ်ယူခဲ့ပြီး ပြည်တွင်းဈေးနှုန်းကို ထိန်းညှိခြင်း၊ ပြည်ပဈေးကွက်ရရှိရေးအတွက် ၂၀၁၂ ခုနှစ်တွင် ရခိုင်ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် ဆားတန်ချိန် ၃၁၃၄ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရောင်းချခဲ့ခြင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း နိုင်ငံခြားဈေးကွက်သို့ တင်ပို့နိုင်ရေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံသည် ကမ္ဘာတွင် ဆားအများဆုံးထုတ်လုပ်သည့်စာရင်းတွင်ပါဝင်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် တည်ရှိနေပါသဖြင့် ပြည်ပဈေးကွက်ရှာရခြင်းမှာ လောလောဆယ်မြန်မြန်ဆန်ဆန်ရရှိနိုင်ခြင်းမရှိသေးပါ။ ပြည်တွင်းဆားကြမ်းများကို ကုန်ကြမ်းအဖြစ်အသုံးများသည့် ကော့စတစ်ဆော်ဒါစက်ရုံ၊ စက္ကူပျော့ဖတ်စက်ရုံစသည့် စက်ရုံများတွင် ရင်းနှီးမြှုပ်နှံခြင်းအားဖြင့်လည်း ဈေးကွက်တည်ငြိမ်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့ တတိယမေးခွန်းကို ဆက်လက်ပြီးတော့ ဖြေကြားခွင့်ပြုပါခင်ဗျား။ ဆားတောင်သူများကို ချေးထားသော ဆားအထူးချေးငွေ များကို ပြည့်ဝစွာပြန်လည်ပေးသွင်းပြီးသူ၊ ၅၀ ရာခိုင်နှုန်းပြန်ပေးသွင်းပြီးသူနှင့် ညှိနှိုင်းသတ်မှတ်ချက်များကို လိုက်နာပြီးဆောင်ရွက်ခဲ့ကြသော ဆားတောင်သူများအတွက် ချေးငွေတစ်ရပ်ပြန်လည်ထုတ်ချေးမည့် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့် စပ်လျဉ်းပြီး ဆက်လက်ပြီးဖြေကြားသွားပါမယ်။

(က) ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးတဲ့နောက် ဆားလုပ်ငန်းရှင်များ လုပ်ငန်းပြန်လည်ထူထောင်နိုင်ရေးအတွက် ပုဂ္ဂလိက ဘဏ် ၅ ဘဏ်မှ နှစ်နှစ်ဆိုင်းစနစ်ဖြင့် ၂၀၁၀ ခုနှစ်

ဒီဇင်ဘာလအထိ ဆားလုပ်ငန်းရှင်များကို တစ်ဧကလျှင် ကျပ် ၃ သိန်းနှုန်းဖြင့် ဆားလုပ်ငန်းရှင် ၇၅၉ ဦးတို့သို့ ချေးငွေကျပ် ၇၃၉၀ သန်းအား သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ခံ၍ ထုတ်ချေးပေးခဲ့ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ဆားလုပ်ငန်းရှင်များက အကျေအလည်မပေးဆပ်နိုင်ခဲ့ဘဲ သတ်မှတ်ကာလများထက်ကျော်လွန်လာသည့်အတွက် အတိုးများပိုမိုများပြားလာခဲ့ပါတယ်။

(ခ) ဆားလုပ်ငန်းရှင်များက ပုဂ္ဂလိကဘဏ်များသို့ ပြန်လည်ပေးဆပ်ရန် ချေးငွေအရင်း ၇၃၉၀ သန်းအနက် ငွေကျပ် ၁၅၁၂.၆၀ သန်းပေးဆပ်ပြီးဖြစ်၍ ကျပ် ၄၈၇၇.၄၀ သန်းကျန်ရှိပါတယ်။

(ဂ) ဆားလုပ်ငန်းများ ပြန်လည်ထူထောင်ရေးချေးငွေများအပေါ် ၃၀-၉-၂၀၁၂ ရက်နေ့ ဘဏ်အတိုးငွေကျပ် ၃၀၃၆.၂၈ သန်းအနက် ဆားလုပ်ငန်းရှင်များက ပေးဆပ်ရန်တာဝန်ရှိသော ငွေကျပ် ၈၉၅.၈၄ သန်းတွင် ငွေကျပ် ၇၅၈.၄၀၄ သန်းပေးဆပ်ပြီးဖြစ်၍ ကျပ် ၁၄၇.၄၃၆သန်း ပြန်ဆပ်ရန် ကျန်ရှိနေပါတယ်။

(ဃ) ၁-၁၀-၂၀၁၂ ရက်နေ့မှ ၁-၃-၂၀၁၃ ရက်နေ့အထိ ချေးငွေပေါ်အတိုးကျပ် ၃၂၉.၆၅ သန်းနှင့် ၁-၄-၂၀၁၃ ရက်နေ့မှ ၃၀-၆-၂၀၁၃ ရက်နေ့အထိ ချေးငွေပေါ်အတိုးကျပ် ၁၄၅.၉၃ သန်း၊ စုစုပေါင်းကျပ် ၄၇၅.၅၈ သန်းပေးဆပ်ရန် ကျန်ရှိပါတယ်။

(င) အထက်အပိုဒ် (ခ)၊ (ဂ)၊ (ဃ)ပါ ချေးငွေပြန်ဆပ်ရေးအတွက် အစီအမံများ ရေးဆွဲပြီးတော့လည်း ဆောင်ရွက်နေဆဲဖြစ်ပါတယ်။

(စ) နာဂစ်မုန်တိုင်းတိုက်ခတ်ပြီး နောက်ပြန်လည်ထူထောင်ရေးအတွက် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့မှ ကြိုတင် ရောင်းချခဲ့သော လုပ်ငန်းသုံးပစ္စည်းများ တန်ဖိုးငွေ ကျပ် ၁၇၇၆.၂၄ သန်းကိုလည်း ပေးဆပ်ရန် အကြွေးအဖြစ်ကျန်ရှိပါတယ်။

၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈အရ ဆားနှင့်ဆားပစ္စည်းများကို တိုင်းဒေသကြီး/ပြည်နယ်များမှသာ ဥပဒေပြုခွင့်ရှိပါတယ်။ ၂၀၁၂-၂၀၁၃ ဆားထုတ်လုပ်သည့်ရာသီများတွင် ဆားတောင်သူများကို မွန်ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် တစ်ဧကလျှင် ၅၀၀၀၀ နှုန်းဖြင့် ကျပ်သိန်း ၅၀၀ ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် တစ်ပိသာလျှင် ၅ ကျပ်နှုန်းဖြင့်

ကျပ်သိန်း ၅၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစီအစဉ်အလိုက် မတည်ချေးငွေများ ထုတ်ပေးခဲ့တယ်လို့သိရှိရပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်း မေးမြန်းသော ဆားတောင်သူများကို ချေးထားသော ဆားအထူးချေးငွေများကို ပြည့်ဝစွာပြန်လည်ပေးသွင်းပြီးသူ၊ ၅၀ ရာခိုင်နှုန်းပြန်ပေးသွင်းပြီးသူနှင့် ညှိနှိုင်းသတ်မှတ်ချက်များကို လိုက်နာပြီးဆောင်ရွက်ခဲ့ကြသော ဆားတောင်သူများအတွက် ချေးငွေ တစ်ရပ်ပြန်လည်ထုတ်ချေးမည့် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီး လောလောဆယ်မှာ ချေးငွေထုတ်ချေးခြင်း အစီအစဉ်မရှိ သေးပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်း နံပါတ် (၄) ကို ဆက်လက် ပြီးဖြေကြားသွားပါမယ်ခင်ဗျား။ မြန်မာတစ်နိုင်ငံလုံး၌ ဆားထုတ်လုပ်နယ်မြေ ၃ ခုသာရှိသော ဆားတောင်သူများအတွက် အသားထုတ်လုပ်သူများ၊ သီးနှံ ထုတ်လုပ်သူများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော် အစိုးရနှင့်အဖွဲ့အစည်းအသီးသီးတို့မှ စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်ပေးသကဲ့သို့ ဆားတောင်သူများကိုလည်း ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်ရှိ/မရှိ မေးခွန်း နှင့်စပ်လျဉ်းပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား ဆက်လက်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးတွင် နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးတဲ့နောက် ဆားလုပ်ငန်းပြန်လည် ထူထောင်ရေးအတွက် ပုဂ္ဂလိက ဘဏ် ၅ ဘဏ်မှ နှစ်နှစ်ဆိုင်းစနစ်ဖြင့် ၂၀၁၀ ခုနှစ် ဒီဇင်ဘာလအထိ ဆားလုပ်ငန်းရှင်များကို တစ်ဧကလျှင် ကျပ် ၃ သိန်းနှုန်းဖြင့် ဆားလုပ်ငန်းရှင် ၇၅၉ ဦးတို့ကို ချေးငွေကျပ် ၇၃၉၀ သန်းအား ထုတ်ချေးပေးခဲ့ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်း ရှင်များက အကျေအလည်မပေးဆပ်နိုင်ခဲ့ဘဲ သတ်မှတ်ကာလများထက်ကျော်လွန်လာတဲ့အပြင် ချေးငွေသက်တမ်းကို နှစ်နှစ်တိုးမြှင့်ပေးခဲ့ပေမယ့်လည်း ဆားတောင်သူများမှာ အကျေပေးဆပ်နိုင်ခြင်း မရှိခဲ့ပါသဖြင့် မူလချေးငွေပေါ်မှာ ၅၀ ရာခိုင်နှုန်းမကျေသူများထံမှ ကျပ် ၇.၇ သိန်းကိုသာ ထောက်ခံ ခဲ့ပါတယ်။ ကျပ် ၇.၇ သိန်းကောက်ခံရာတွင်လည်း ဆားတောင်သူများက ယနေ့အချိန်အထိ အကျေ ပေးဆပ်နိုင်ခြင်းမရှိသေးတဲ့အတွက် တိုင်းဒေကြီးအနေနဲ့ လောလောဆယ်မတည်ချေးငွေများ ထုတ်ပေး နိုင်မည့်အစီအစဉ်မရှိသေးပါကြောင်းနှင့် မြန်မာနိုင်ငံသည် ကမ္ဘာတွင်ဆားအများဆုံးထုတ်လုပ်သည့် စာရင်းတွင်ပါဝင်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အန္ဒိယနိုင်ငံတို့အကြားတွင်ရှိနေပါသဖြင့် ပြည်ပ ဈေးကွက်ရှာရခြင်းမှာ လောလောဆယ်မြန်မြန်ဆန်ဆန်ရရှိနိုင်ခြင်းမရှိသေးပါ။ သို့ဖြစ်ပါ၍ ပြည်တွင်း ဆားကြမ်းကို ကုန်ကြမ်းအဖြစ် အသုံးများသည့် ကော့စတစ်ဆော်ဒါစက်ရုံ၊ စက္ကူပျော့ဖတ်စက်ရုံ စသည့်စက်ရုံများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့်လည်း ဈေးကွက်တည်ငြိမ်နေမည်ဖြစ်ပါတယ်။ ဧရာဝတီ

တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း နိုင်ငံခြားဈေးကွက်သို့တင်ပို့နိုင်ရေးအတွက်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ကားလမ်းများ သက်တမ်းမစေ့မီ ပျက်စီးမှုမရှိရန်နှင့် နိုင်ငံတော်ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန် အတွက် ဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ဖြစ်ပါတယ်။ ယနေ့ ကျွန်တော့်အနေနဲ့ ပြည်သူ့ဘဏ္ဍာငွေဖြင့်ဆောင်ရွက်ထားတဲ့ အဝေးပြေးလမ်းမကြီးအပါအဝင် ကားလမ်းများ သက်တမ်းမစေ့မီပျက်စီးမှုရှိနေတဲ့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ကွပ်ကဲကြပ်မတ် ထိန်းသိမ်းပေးရန် ရည်ရွယ်ပြီးတော့ ဒီမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ယနေ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက်နှင့် ပြည်သူများရဲ့ စားဝတ်နေရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများမှာ အထောက်အကူပြုစေရန် ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတော်မှ ရသင့်ရထိုက်တဲ့ ဘဏ္ဍာငွေများ ပြည့်ပြည့်ဝဝရရှိစေရန် စနစ်တကျဆောင်ရွက်ခြင်း၊ ဘဏ္ဍာငွေများအလေအလွင့်နည်းပါးစွာဖြင့် ဆက်သွယ်ရေးလမ်းစီမံကိန်းများ အသုံးပြုနိုင်ရေးဆောင်ရွက်ခြင်း၊ စီမံကိန်းအလိုက် ဆက်သွယ်ရေးလမ်းအရည်အသွေးပြည့်မီအောင်ဆောင်ရွက်ခြင်း၊ စီမံကိန်းများဖြင့်ဆောင်ရွက်ထားတဲ့ ဆက်သွယ်ရေးလမ်းများ သတ်မှတ်ထားတဲ့သက်တမ်းအတိုင်း မပျက်စီးစေရန် ထိန်းသိမ်းကွပ်ကဲကြပ်မတ်ခြင်း စတဲ့လုပ်ငန်းများကို ဦးစားပေးလုပ်ငန်းများအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိမှာဖြစ်ပါတယ်။ တစ်ဆက်တည်း နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဟာ အနှစ် ၂၀ နှစ်ရှည်စီမံကိန်းအဖြစ် ၂၀၁၁-၂၀၁၂ ခုနှစ်က ၂၀၃၁-၂၀၃၂ နှစ်အထိ ကာလတို ၅ နှစ်စီမံကိန်း ၄ ခု ရေးဆွဲပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်များရှိ ကျေးလက်လမ်း အရှည် ၂၉၇၈၉ မိုင် အဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်များဖောက်လုပ်ခြင်း၊ လမ်းပေါ်ရှိတံတားများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်လျက်ရှိပြီး အနှစ် ၂၀ စီမံကိန်း ပြီးဆုံးချိန်မှာ ကျေးလက်လမ်းအားလုံး အမာခံလမ်းဖြစ်ရေးရည်ရွယ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီးတွင် နိုင်ငံတော်မှ စီမံကိန်းများအတွက်

ဘဏ္ဍာငွေခွဲဝေရရှိတင်ပြပြီး ပြည်တွင်းရှိလမ်းများ၊ နယ်စပ်ဒေသရှိလမ်းများဖောက်လုပ်ခြင်း၊ ပုဂ္ဂလိက ကုမ္ပဏီများအား BOT စနစ်ဖြင့်ဆောင်ရွက်စေခြင်း၊ နိုင်ငံတော်စီမံကိန်းများရေးဆွဲ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို လမ်းတံတားတွေကို တစ်နိုင်ငံလုံး ကွန်ရက်သဖွယ် တောင်မှ မြောက် အရှေ့မှအနောက်ဖောက်လုပ်ခြင်းကြောင့် လမ်းပန်းဆက်သွယ်မှုလွယ်ကူ မြန်ဆန်လာခြင်း၊ ကုန်စည်စီးဆင်းမှုသွက်လက်လာခြင်း၊ ကုန်ဈေးနှုန်းကျဆင်းမှု အထောက်အကူပြုတဲ့အပြင် နိုင်ငံသား အားလုံး စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အထောက်အကူပြုတဲ့ အကျိုးကျေးဇူးရရှိလာ တဲ့အပြင် နယ်စပ်ဒေသနှင့် ပြည်ထောင်စုအတွင်းပိုင်း တောနှင့်မြို့လူနေမှုအဆင့်ကွာဟမှု တဖြည်း ဖြည်းကျဉ်းမြောင်းလာပြီး နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းရေးအတွက် ပိုမိုအထောက်အကူဖြစ် စေမယ့် ဆောင်ရွက်ချက်များအဖြစ် တွေ့ရှိနိုင်မှာဖြစ်ပါတယ်။ ဒီလိုအခြေအနေကောင်းတွေကို ဖော်ဆောင်ပေးနေတဲ့ နိုင်ငံတော်စီမံကိန်းနှင့် ဆောင်ရွက်တဲ့ကားလမ်းကို ပျက်စီးစေမယ့်အချက် တစ်နိုင်ငံလုံးမှာ ကျွန်တော်တို့အနေနဲ့ ကြားသိမြင်တွေ့နေရတုန်းပဲဖြစ်ပါတယ်။ တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်ဆက်သွယ်တဲ့လမ်းတွေ၊ ခရိုင်ချင်းဆက်လမ်းများ၊ မြို့နယ်ချင်းဆက် လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ၊ အချို့လမ်းများဟာ သက်တမ်းမစေ့မီပျက်စီးနေတဲ့အတွက် ဆက်သွယ်မှုမကောင်းတဲ့အတွက် မသေသင့်တဲ့သူများသေဆုံးရတဲ့ဖြစ်စဉ်တွေ၊ ကလေးတွေပညာသင် ကြားချင်သော်လည်း မသင်ကြားနိုင်တဲ့ ဖြစ်စဉ်တွေ၊ ကုန်ဈေးနှုန်းမြင့်မားတဲ့ဖြစ်စဉ်တွေအပြင် နယ်စပ် ဒေသအေးချမ်းတည်ငြိမ်မှု ပျက်ယွင်းမှုတွေစတဲ့ဖြစ်စဉ်တွေဖြစ်နေကြောင်းလည်း တွေ့ရပါတယ်။ အကြောင်းအရင်းကတော့ အချို့လမ်းတွေဟာ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရာမှာ အားနည်း ချက်များရှိနေခြင်း၊ လမ်းများကိုအချိန်ကာလကန့်သတ်ချက်အတွင်း အမြန်ပြီးစီးအောင်ဆောင်ရွက်ရတဲ့ အတွက် လမ်းအချို့သတ်မှတ်အရည်အသွေးမပြည့်မီသဖြင့် ပျက်စီးမှုဖြစ်ရခြင်း၊ လမ်းပျက်စီးနေတဲ့ အချို့လမ်းများဟာ ပြုပြင်ထိန်းသိမ်းဆောင်ရွက်တဲ့အခါမှာ ကျွမ်းကျင်တဲ့လုပ်သားနဲ့ နည်းလမ်းတကျ၊ စနစ်တကျဆောင်ရွက်မှု၊ ပညာရှင်များကြီးကြပ်မှု အားနည်းချက်ရှိနေသေးတဲ့အပြင် ဒါ့ကြောင့် အရည် အသွေးမမီတဲ့အတွက် ပျက်စီးမှုဖြစ်ရခြင်း၊ အချို့လမ်းများပေါ်သို့ သတ်မှတ်ခံနိုင်ဝန်အားထက်ပိုမိုတဲ့ ယန္တရားတင်တဲ့ယာဉ်တွေ၊ ကုန်တင်ယာဉ်တွေ၊ သစ်တင်ယာဉ်တဲ့ယာဉ်တွေ၊ ဆီသည်ယာဉ်တွေ ဖြတ်သန်းသွားလာသဖြင့် ကားလမ်းများပျက်စီးခြင်း၊ ကားလမ်းပေါ်သို့သံဘီးတပ်တဲ့ယာဉ်တွေ စည်းကမ်းမဲ့စွာသွားလာသဖြင့် လမ်းများပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း တွေ့ရပါတယ်။ အုပ်ချုပ်ရေးအဖွဲ့ အစည်းများအနေနဲ့ လမ်းများမပျက်စီးစေရန်အတွက် စည်းကမ်းများထုတ်ပြန်ခြင်း၊ ကြေညာခြင်း၊ ကြပ်မတ်ခြင်း၊ ပညာပေးခြင်းများပြုလုပ်သော်လည်း ဒေသခံများက သတ်မှတ်စည်းကမ်းလိုက်နာရန်

ပျက်ကွက်မှုများကြောင့် ကားလမ်းများသက်တမ်းမပြည့်မီ ပျက်စီးမှုရှိသဖြင့် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ထားသော စီမံကိန်းများကို ဖျက်စီးသကဲ့သို့ဖြစ်နေသဖြင့် ပြည်သူ့ဘဏ္ဍာငွေများ အဟောသိကံဖြစ်နေတာကိုလည်းတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်စီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ကားလမ်းများ၊ တံတားများ၊ မပျက်စီးရေး၊ နိုင်ငံတော်ဘဏ္ဍာငွေများ အဟောသိကံမဖြစ်ရေး၊ ကားလမ်းများသက်တမ်းအလိုက် အသုံးပြုနိုင်ရေးအတွက် ကားလမ်းများပေါ်မှာ သံဘီးတပ်တဲ့လှည်းများ တာယာဘီးများတပ်ဆင်ပြီးတော့ ဒေသခံအုပ်ချုပ်ရေးအဖွဲ့မှ ပြောင်းလဲတပ်ဆင်အသုံးပြုနိုင်ရေး အမိန့်ညွှန်ကြားချက်ထုတ်ပြန်ခြင်း၊ ဒေသခံများအားပညာပေးခြင်း၊ တားမြစ်ချက်ဖောက်ဖျက်သူများကို အရေးယူခြင်းနည်းလမ်းများအပြင် နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ လေလွင့်ပျက်စီးမှုမရှိစေရေးအတွက် အခြားမည်သည့်နည်းလမ်းဖြင့် အဆိုပါလမ်းများပျက်စီးမှုမရှိစေရန် မည်သည့်အဖွဲ့အစည်းက မည်ကဲ့သို့ထိန်းသိမ်းဆောင်ရွက်မည်ကို သိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဤမေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်မှမေးမြန်းထားတဲ့ ပြည်သူ့ဘဏ္ဍာဖြင့်တည်ဆောက်ထားတဲ့ ကားလမ်းများ သက်တမ်းမစေ့မီ ပျက်စီးမှုမရှိရန်နှင့် နိုင်ငံတော်ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန်အတွက် ဆောင်ရွက်နိုင်ရန်နှင့် ကြပ်မတ်ကွပ်ကဲ၊ ထိန်းသိမ်းနိုင်ပါရန်နှင့် စပ်လျဉ်းသည့် မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီးတို့ ဆက်သွယ်တဲ့လမ်း၊ တံတားစီမံကိန်းလုပ်ငန်းများကို နိုင်ငံတော်

မှတည်ဆောက်လျက်ရှိပါတယ်။ ဒါ့အပြင် ပုဂ္ဂလိကတိုင်းရင်းသားလုပ်ငန်းရှင်များရဲ့ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်နဲ့လည်းပဲ B.O.T စနစ်နှင့် လမ်း၊ တံတားများ အဆင့်မြှင့်တင်ဖောက်လုပ်ခြင်းလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိပါတယ်။ မော်တော်ကားလမ်းများ သွားလာတဲ့အခါမှာ ဆောင်ရွက်ထားတဲ့ လမ်းများပေါ်မှာ သံဘီးတပ်ထားတဲ့ နွား/ကျွဲ လှည်းများ မောင်းနှင်မှုကြောင့် စီမံကိန်းဆောင်ရွက်ထား တဲ့မော်တော်ကားလမ်းများ သက်တမ်းမပြည့်မီပျက်စီးနေတာကိုလည်း အမှန်ပဲတွေ့ရှိနေရပါတယ်။ ဒီအတွက်ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ၂၀၀၀ ပြည့်နှစ်မှာ လမ်းမကြီးများ ဥပဒေနဲ့ နည်းဥပဒေများကို ပြဋ္ဌာန်းထားရှိခဲ့ပြီးဖြစ်ပါတယ်။ လမ်းမကြီးများ ဥပဒေ ပုဒ်မ ၅ မှာ လမ်းမကြီး များပေါ်မှာ မောင်းနှင်သွားလာခွင့်ပြုတဲ့ လှည်းများရဲ့ဘီးကွပ်များကို သတ်မှတ်ခြင်း၊ လမ်းမကြီးများ ပေါ်မှာ လှည်းများဖြတ်သန်းသွားလာခြင်း၊ ရပ်နားခြင်းနှင့် စပ်လျဉ်းပြီးတော့ လိုက်နာရမယ့် စည်းကမ်း ချက်များ သတ်မှတ်ခြင်း၊ လမ်းမကြီးများပျက်စီးခြင်းမှ ကာကွယ်ရန်လိုအပ်တဲ့ တားမြစ်ချက်ထုတ်ပြန် ခြင်း၊ အရေးယူခြင်းတို့ကို တာဝန်နဲ့ လုပ်ပိုင်ခွင့် သတ်မှတ်ထားတာဖြစ်ပါတယ်။ လမ်းမကြီးများ ဆိုင်ရာနည်းဥပဒေ ၂၅ မှာလည်း လှည်းများဖြတ်သန်းသွားလာရတဲ့ လမ်းခရီးမှာ လျှိုမြောင်၊ ချောက်ကမ်းပါး၊ ချောင်းမြောင်းတည်ရှိနေတဲ့ အခြေအနေမှအပ လမ်းမကြီးများပေါ်မှာ လှည်းကို မောင်းနှင်ခြင်းမပြုရန်နှင့် လျှိုမြောင်၊ ချောက်ကမ်းပါး၊ ချောင်းမြောင်းများ တည်ရှိနေလျှင်လည်း ၎င်းတည်ရှိတဲ့နေရာကို ရှောင်ရှားဖြတ်ကျော်ရန်အလို့ငှာ လမ်းမကြီးပေါ်မှာ လှည်းဘီး၌ တာယာ အုပ်ထားတဲ့ လှည်း သို့မဟုတ် တာယာဘီးတပ်ဆင်ထားတဲ့ လှည်းကိုသာ မောင်းနှင်နိုင်သည်ဟု ပြဋ္ဌာန်းထားဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ လမ်းမကြီး ဥပဒေ၊ နည်းဥပဒေများနဲ့ ကတ္တရာလမ်းမကြီးများပေါ်မှာ သံဘီးတပ်ကျွဲ/နွားလှည်းများမောင်းနှင်ခြင်းမပြုရန် ဥပဒေလည်း ထုတ်ပြန်ထားပါတယ်။ ဒီ့အပြင် သံဘီးတပ်လှည်းများကတ္တရာလမ်းပေါ်မှာ ဖြတ်သန်းမောင်းနှင်ပါက ဥပဒေကြောင်းအရ အရေးယူမှာဖြစ်ပါကြောင်းလည်း ဖော်ပြပါရှိပြီး ဖြစ်ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ တည်ဆောက်ဆဲစီမံကိန်းလမ်းများ ပုံစံထုတ်လုပ်ရာ မှာလည်း လမ်းပခုံး၊ ရေမြောင်း၊ လှည်းလမ်းအပါအဝင်ရေးဆွဲဆောင်ရွက်လျက်ရှိပြီးတော့ လမ်းနယ် အဆုံးတွင်သာ သစ်ပင်စိုက်ပျိုးရန် လျာထားသတ်မှတ်ထားတာဖြစ်ပါတယ်။ ကားလမ်းမှလွဲ၍ သွားလာရန် လမ်းမရှိတဲ့နေရာများမှာ မဖြစ်မနေကားလမ်းကိုဖြတ်ကူးရန်ရှိတဲ့နေရာကို ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်မှာ တည်ဆောက်ထားသကဲ့သို့ Under Pass များမှ ဖြတ်သွားရန် အတွက်တည်ဆောက်ပေးရန် လိုအပ်တဲ့နေရာများကို ဒေသခံအုပ်ချုပ်ရေးအဖွဲ့များနှင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနှင့်ညှိနှိုင်းပြီးတော့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ရှိသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေပေါ်မှာ သံဘီးတပ်လှည်းများ ဖြတ်သန်းမပြုရေး ကြီးကြပ်ကွပ်ကဲခြင်း၊ မဖြစ်မနေဖြတ်သန်းသွားမည်ဆိုပါက သံဘီးတပ် ကျွဲ၊ နွားလှည်းများရဲ့ ဘီးမှာ ရော်ဘာ၊ တာယာဘီးများ ထပ်ပိုးပြီး ပြောင်းလဲတပ်ဆင် အသုံးပြုနိုင်ရေးနှင့် လမ်းမကြီးများဥပဒေ၊ နည်းဥပဒေအား သိရှိပြီး နားလည် ဆောင် ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ခရိုင်မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများ အဆင့်ဆင့်နှင့် သက်ဆိုင်တဲ့ အင်ဂျင်နီယာ ဝန်ထမ်းများ ပူးပေါင်းပါဝင်ပြီးတော့ အသိပေးခြင်း၊ ပညာပေးခြင်း ကြီးကြပ်ထိန်းထိမ်းခြင်း ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း လေးစားစွာရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို အထူးကျေးဇူး တင်ရှိပါတယ်။ (သြဘာသံများ)

**အင်ဂျန်းယန်မြို့နယ်အား အော်ဂဲနစ်ဇုန်အဖြစ် သတ်မှတ်ပေးရန် နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လာရောက်လေ့လာ တဲ့လုပ်သားပြည်သူမိဘပြည်သူများအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မအနေနဲ့ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ အင်ဂျန်းယန်မြို့နယ်ကို အော်ဂဲနစ်ဇုန်အဖြစ် သတ်မှတ် ကြေညာပေးဖို့ အစီအစဉ် ရှိပါစေလို့ ပြည်ထောင်စုအစိုးရအဖွဲ့ဘက်ကနေ အစီအစဉ်ရှိပါစေလို့ ဆုတောင်းရင်းနဲ့ ဒီမေးခွန်းကို ကျွန်မပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းလိုပါတယ် ရှင်။ ကျွန်မရဲ့ ဒီအင်ဂျန်းယန်မဲဆန္ဒနယ်မြေဟာဆိုလို့ရှိရင် နှစ်ပေါင်း ၆၀ နီးပါး ဒီတိုက်ပွဲတွေကြားမှာ ရှိနေတဲ့ မြို့နယ် တစ်နယ် ဖြစ်ပါတယ်။ ပြီးရင် လမ်းပန်းဆက်သွယ်ရေးဟာအင်မတန်ပဲ ဆိုးရွားတဲ့ ဒေသ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ဒီကနေ့အချိန်ထိ ဘယ်စီးပွားရေးသမားမျှ လာရောက်ခြင်းမရှိတဲ့ နေရာလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ အခုချိန်ထိ အရာရာတိုင်းဟာဆိုလို့ရှိရင် သဘာဝအတိုင်း ရှိနေ ဆဲဖြစ်ပါတယ်။ ဒေသခံများဟာဆိုလို့ရှိရင် ဒီဒေသမှာ တောင်ယာစိုက်ပျိုးခြင်းနဲ့ အသက်မွေးဝမ်း ကျောင်းတဲ့အတွက် သူတို့အနေနဲ့အလွန်ပဲ ဆင်းရဲနွမ်းပါးတဲ့အတွက် ဒီဒေသဖွံ့ဖြိုးတိုးတက်ဖို့ဟာ အထူးပဲလိုအပ်တဲ့ဒေသဖြစ်ပါတယ်။ နောက်မှာ ဒီဒေသမှာဆိုလို့ရှိရင်လည်း ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုး တိုးတက်မဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနည်းစနစ်များလည်း လိုအပ်ပါတယ်။ အခုအချိန်ထိကတော့ ဒီဒေသဟာ စိုက်ပျိုးတဲ့ စပါးတွေ၊ တောင်ယာသီးနှံပင်တွေအားလုံးဟာလည်း သဘာဝအတိုင်းပဲ ဖြစ်ပါတယ်။ မွေးမြူထားတဲ့ ကြက်၊ဝက်၊နွားတွေဟာဆိုလို့ရှိရင်ပဲ သဘာဝကို ကျော်လွန်ခြင်းမရှိသေး တဲ့ အရင်းအမြစ်ကောင်းများကို ပိုင်ဆိုင်ထားဆဲဖြစ်ပါတယ်။ ဒါကြောင့်မို့ အင်ဂျန်းယန်မြို့နယ် ကို

အော်ဂဲနစ်ဇုန်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်နိုင်မှာမည်နည်း။ အစီအစဉ်ရှိပါက ယခုအချိန်မှစတင်ပြီး ဩဂဲနစ်ဇုန် သတ်မှတ်နိုင်ရေးစံများ၊ စိုက်ပျိုးရေးနည်းစနစ်များနှင့် အခြားလိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်း ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူရဲ့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မြို့နယ်အား အော်ဂဲနစ်ဇုန်အဖြစ်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ (ခ) ရှိပါက မည်သည့်အချိန်တွင်စတင်နိုင်ပါမည်နည်း မေးခွန်းနဲ့ပတ်သက်လို့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မြို့နယ်ဟာ ရေမြေသဘာဝ သယံဇာတနှင့် ဂေဟစနစ်တို့ကို ထိခိုက်ပျက်စီးမှုမရှိဘဲ ရေရှည်တည်တံ့သော စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ သုံးစွဲလျက်ရှိသော ဒေသတစ်ခု ဖြစ်ခြင်း ကြောင့် အော်ဂဲနစ်လယ်ယာစနစ်နှင့် အလားသဏ္ဍာန်တူညီနေပြီး အော်ဂဲနစ်ထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်ရန်အခွင့်အလမ်းကောင်းများရှိနေသော ဒေသတစ်ခုဖြစ်ပါတယ်။

အော်ဂဲနစ်စိုက်ပျိုးရေးဆိုသည်မှာ ဘေးထွက်ဆိုးကျိုးများရှိတဲ့ ဓာတုပစ္စည်းများကို သုံးစွဲခြင်းမရှိဘဲ သတ်မှတ်ထားတဲ့ အော်ဂဲနစ်စံနှုန်းများနှင့်အညီလိုက်နာ၍ ဇီဝမျိုးကွဲများ၊ မြေဆီလွှာ၏ ဂုဏ်သတ္တိများနှင့် လူသားတို့၏ကျန်းမာရေးကို မထိခိုက်စေဘဲ သဘာဝပတ်ဝန်းကျင်ကို ရေရှည် တည်တံ့စေနိုင်သော စိုက်ပျိုးရေးထုတ်လုပ်မှုစနစ်ကို ခေါ်ဆိုပါတယ်။ အော်ဂဲနစ်ဇုန်တစ်ခုတည်ထောင်ရန်အတွက် သမားရိုးကျစိုက်ပျိုးရေးစနစ်မှ အော်ဂဲနစ် စိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းရာမှာ နိုင်ငံတကာ စံချိန်စံညွှန်းပြည့်မီသော အော်ဂဲနစ်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် အသွင်ကူးပြောင်းချိန် ကာလအားဖြင့် ရာသီသီးနှံများအနေနဲ့ ၂ နှစ်နှင့် နှစ်ရှည်သီးနှံများအတွက် ၃ နှစ် လိုအပ်မည် ဖြစ်ပါတယ်။ အော်ဂဲနစ်သီးနှံများစိုက်ပျိုးရာမှာ မြေဧရိယာတစ်ခုအတွင်း သမားရိုးကျ စိုက်ပျိုးရေးစနစ်နှင့်

အော်ဂဲနစ်စိုက်ပျိုးရေးစနစ်တို့ကို တစ်လှည့်စီစိုက်ပျိုး ဆောင်ရွက်ခြင်းမပြုရဘဲ အော်ဂဲနစ်စိုက်စနစ် တစ်မျိုးတည်းကိုသာ စဉ်ဆက်မပြတ် စိုက်ပျိုးရန်လိုအပ်ပါတယ်။

အော်ဂဲနစ်စံချိန်စံညွှန်းများအတိုင်း စိုက်နည်းစနစ်များ၊ ထုတ်လုပ်မှုမျိုးကွဲများ ရွေးချယ်အသုံးပြုခြင်း၊ ဇီဝနည်းပညာများအသုံးပြု၍ ကာကွယ်နှိမ်နင်းခြင်း၊ အော်ဂဲနစ်စနစ်ဖြင့် စိုက်ပျိုးထားသော သီးနှံမျိုးစေ့များကို အသုံးပြု၍ သီးလှည့် စနစ်ဖြင့် စိုက်ပျိုးခြင်း၊ ပိုးမွှားများနှိမ်နင်းရာတွင် သဘာဝ မိတ်ဆွေပိုးများ ပွားများစေရန်ဆောင်ရွက်ပေး ခြင်း နည်းလမ်းများဖြင့် ဓာတုပိုးသတ်ဆေးများ(လုံးဝ) အသုံးမပြုဘဲ သဘာဝပတ်ဝန်းကျင်ကို မထိခိုက် စေသော သီးနှံကာကွယ်သည့် နည်းလမ်းများကိုသာ အသုံးပြုရန် လိုအပ်ခြင်း။ ထွက်ရှိလာသော အော်ဂဲနစ်ထုတ်ကုန်များအတွက် အော်ဂဲနစ်ထုပ်ပိုး ပစ္စည်းများအသုံးပြုရန် လိုအပ်ခြင်း၊ သိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်း၊ ဈေးကွက်တွင် ဖြန့်ဖြူး ရောင်းချခြင်း စသည့်လုပ်ငန်းများ အဆင့်ဆင့်တွင် အော်ဂဲနစ်စံချိန်စံညွှန်းများနှင့်အညီ လိုက်နာ ဆောင်ရွက်ရန် လိုအပ်ပါတယ်။ အော်ဂဲနစ်စံချိန်စံညွှန်းများ၏ ၇၅ ရာခိုင်နှုန်း ကိုက်ညီမှုရှိပါက အော်ဂဲနစ်သို့ ကူးပြောင်းဆဲထုတ်ကုန်အဖြစ် အမှတ်တံဆိပ် ကပ်၍ ရောင်းချနိုင်ပြီး၊ အနည်းဆုံးစံချိန် စံညွှန်း ၉၅ ရာခိုင်နှုန်း ကိုက်ညီပါက အော်ဂဲနစ်စိုက်ပျိုးရေး ထုတ်ကုန်အဖြစ် အမှတ်တံဆိပ်ဖြင့် ဈေးကွက်တွင်း ဖြန့်ဖြူးရောင်းချနိုင်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ နယ်မြေဒေသလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တဲ့ကာလမှာ ရေမြေ ဒေသ ရာသီဥတုနှင့်ကိုက်ညီသော သီးနှံများအား အော်ဂဲနစ်ထုတ်ကုန်များအဖြစ် စိုက်ပျိုး ထုတ်လုပ် နိုင်ရန် နည်းပညာပိုင်းဆိုင်ရာ အပြည့်အဝ ပံ့ပိုးကူညီဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်းနဲ့ ယခု ဒေါ်ဒွဲဘူအား Myanmar Organic Standard မြန်မာ့အော်ဂဲနစ်စံနှုန်းများ စာသားကို တစ်ပါ တည်းပေးလိုက်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)။** ။ ကျွန်မအနေနဲ့ အခုလိုဖြေကြားပေးတဲ့ ဝန်ကြီးအပေါ် မှာ အထူးကျေးဇူးတင်ပါတယ်။ ဘာလို့လဲဆို ကျွန်မတို့ ဒီအင်ဂျန်းယန်ဒေသဆိုရင် ဒီလိုစိုက်ပျိုးနည်း စနစ်နဲ့ ဒီလိုထုတ်ပိုးပြီးမှ နိုင်ငံခြားမှာ တင်ပို့နိုင်မှ အမြန်ဆုံး ကျွန်မရဲ့မဲဆန္ဒနယ်က ဒေသကလူတွေဟာ ဆိုလို့ရှိရင် အမြန်ဆုံးချမ်းသာလာမှာဖြစ်ပါတယ်။ ဒါကြောင့် အထူးပဲကျေးဇူးတင်ကြောင်း ပြောကြား လိုပါတယ်ရှင်။

**တောင်သူလယ်သမားများ စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံမျိုးစေ့များကို လွယ်ကူစွာဝယ်ယူရရှိနိုင်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကိုကြီး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး ဖြစ်ပါတယ်။ မိတ်ဆွေကြီးများဖြစ်တဲ့ မတ္တရာမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့မှ တောင်သူဦးကြီးများရဲ့ မေးမြန်းလာတဲ့ ဆန္ဒပြုမေးခွန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်းဖြစ်ပါတယ်။ မေးလိုသည်ကတော့ တောင်သူလယ်သမားများ စပါးနှင့် ဆီထွက်သီးနှံဖြစ်တဲ့ ပဲမျိုးစုံ၊ ပြောင်း၊ ဝါမျိုးစေ့များလုံလောက်စွာ စိုက်ပျိုးချိန်မီ ဝယ်ယူနေရခြင်းနှင့်ပတ်သက်၍ မေးမြန်းခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ တောင်သူလယ်သမားများအတွက် ထွက်နှုန်းကောင်း၍ မြန်မာနိုင်ငံရဲ့ ရေမြေသဘာဝနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်များကိုစိုက်ပျိုးပြီးတော့ ဖြန့်ချိနေကြောင်း ကြားလည်းကြားရပါတယ်။ သိလည်းသိနေရ၍ ဝမ်းသာအားရဖြစ်မိပါတယ်။ သို့သော်လည်းပဲ အထက်မြန်မာနိုင်ငံမှာရှိတဲ့ ပဲမျိုးစုံစိုက်တဲ့တောင်သူများအတွက် ရေမြေဒေသနဲ့ သင့်တော်ပြီးတော့ အထွက်တိုးတဲ့ပဲမျိုးစုံဖြစ်တဲ့ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစိမ်းငုံ၊ ပဲပုပ်စေ့နဲ့ ပြောင်းဖူးစေ့တို့ရဲ့ မျိုးစေ့များ၊ နောက်ဆီထွက်သီးနှံများဖြစ်တဲ့ ကျွန်တော်တို့ မြေပဲ၊ ဆီနေကြာ၊ နှမ်းအမည်း၊ နှမ်းအဖြူ၊ နှမ်းအညိုနှင့် ချည်မျှင်ရှည်ဝါတို့ရဲ့ မျိုစေ့ကို လုံလောက်စွာ စိုက်ပျိုးရာသီတွင် ဝယ်ယူ၍မရဖြစ်နေသည်ကို တင်ပြလာကြပါတယ်။ ဒီအတွက်ကြောင့် လုံလောက်တဲ့မျိုးကောင်းမျိုးသန့်တို့ကို စိုက်ပျိုးချိန်အမီ လွယ်ကူစွာဝယ်ယူ၍ ရနိုင်အောင် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးဖို့လိုလားနေကြပါတယ်။ ဒီလိုဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိ/မရှိကို ဖြေကြားပေးနိုင်ပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ မန္တလေးတိုင်းဒေသကြီး ၊ အောင်မြေသာဇံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီးရဲ့ အထက်မြန်မာနိုင်ငံရှိ ပဲမျိုးစုံစိုက်တောင်သူများအတွက် ရေမြေဒေသနှင့်သင့်တော်၍ အထွက်တိုးသောမျိုးကောင်းမျိုးသန့်ကို လွယ်ကူစွာဝယ်ယူ၍ရနိုင်အောင် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်မှုအစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟာ တောင်သူလယ်သမားများ အကျိုးအတွက် ဈေးကွက်ဝင်ဒေသနှင့် ကိုက်ညီတဲ့မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ပဲမျိုးစုံသီးနှံ မျိုးကောင်း၊ မျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးသုနေသနဦးစီးဌာနမှ နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၂-၂၀၁၃ စိုက်ပျိုး ရာသီအတွင်း ပဲတီစိမ်း ၂၇၁.၅ တင်း၊ ပဲစင်းငုံ ၃၁၂.၅ တင်းနှင့် ကုလားပဲ ၇၁၅ တင်းတို့ကို မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးများသို့လည်းကောင်း၊ မတ်ပဲ ၃၈၁ တင်းကို ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေသို့လည်းကောင်း၊ ပဲပုပ် ၆၀ တင်းကို ရှမ်းပြည်နယ် တောင်ပိုင်းသို့လည်းကောင်း ဖြန့်ဖြူးပေးခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ ခုနှစ်မှာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအောက်ရှိ သုတေသနခြံများမှာ မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ဖြန့်ဖြူးနိုင်ရေးအတွက် မိဘမျိုးစေ့နှင့် ဆင့်ပွားမျိုးစေ့များမှ မျိုးစေ့ထုတ်ဧက ပဲတီစိမ်း ၄၂ ဧက၊ မတ်ပဲ ၇၄.၁ ဧက၊ ပဲပုပ် ၁၂.၅ ဧက၊ ပဲစဉ်းငုံ ၈၃.၉ ဧကနှင့် ကုလားပဲ ၁၁၂.၈ ဧကတို့ကို မျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် စိုက်ပျိုးဆောင်ရွက်ထားရှိလျက်ရှိပါတယ်။ ထွက်ရှိလာတဲ့ မျိုးစေ့များဟာ စီးပွားဖြစ်မျိုးသန့်မျိုးစေ့များဖြစ်ပြီး တောင်သူအချင်းချင်း မျိုးဖလှယ် စိုက်ပျိုး နိုင်ပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှရရှိတဲ့ မျိုးသန့်၊ မျိုးပွားစေ့ (Registered seed) များ မျိုးသန့်ပွားများရေးကို အကျိုးဆောင်တောင်သူများအား ပညာပေးစည်းရုံး၍ တောင်သူမျိုးစေ့ဘဏ်စနစ်ဖြင့် ၂၀၀၈-၂၀၀၉ ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့ရာ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် မြေပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ မတ်ပဲသီးနှံ ၅ မျိုးအား တိုင်းဒေသကြီး ၈ ခုရှိ မြို့နယ်ပေါင်း ၃၃ မြို့နယ်မှာ တောင်သူမျိုးစေ့ဘဏ်ပေါင်း ၆၃ ဘဏ်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး၊ မျိုးသန့်တင်းပေါင်း ၂၁၄၈၁ တင်း ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ သီးနှံအလိုက်

ဖြန့်ဖြူးပေးနိုင်ခဲ့သော ပမာဏမှာ မြေပဲ ၆၆၅၉ တင်း၊ ပဲစင်းငုံ ၂၅၁၂ တင်း၊ ကုလားပဲ ၃၂၀၆ တင်း၊ ပဲတီစိမ်း ၆၄၈၃ တင်းနဲ့ မတ်ပဲမျိုးသန့် ၂၆၂၀ တင်းတို့ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်မြင့်မားရေးအတွက် အခြေခံသော့ချက်ကြီး (Key Factors) ၆ ချက် ချမှတ်ပြီး တောင်သူများ၊ အကျိုးဖြစ်ထွန်းစေရန်အတွက် ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်မယ့် ဒေသနဲ့ကိုက်ညီသော မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ဖြန့်ဖြူးစိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့ထုတ်ကုမ္ပဏီများ (Seed Industries) များ ပေါ်ထွန်းလာရေး အားပေးကူညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မျိုးစေ့ထုတ်ကုမ္ပဏီများ ပေါ်ထွန်းလာပါက တိုင်းဒေသကြီး အသီးသီးသို့ မျိုးကောင်း၊ မျိုးသန့်များ လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူး ပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် မျိုးစေ့ထုတ်ကုမ္ပဏီများမှ အရည်အသွေး စစ်မှန်ကောင်းမွန်သော မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်နိုင်ရေးကို ဝန်ကြီးဌာနအနေဖြင့် အားပေးကူညီဆောင်ရွက်လျက်ရှိပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှလည်း မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနဲ့တွေ့ဆုံပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် ဈေးနှုန်းသက်သာစွာဖြင့် တောင်သူလယ်သမားများသို့ ဖြန့်ဖြူးရောင်းချပေးရေးအား ညှိနှိုင်းဆွေးနွေးဆောင်ရွက်ထားခဲ့ပြီး ဖြစ်ပါတယ်။ ထို့အပြင် အရည်အသွေးစံချန်စံညွှန်း ပြည့်မီစွာ သုံးစွဲရေးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဥပဒေများနှင့်အညီ ဆောင်ရွက်ပေးနေပါကြောင်းနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနလက်အောက်ရှိ မျိုးစေ့ဌာနခွဲမှ မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ တောင်သူ့လက်ဝယ်ရောက်ရှိရေးအတွက် သီးနှံအထူးပြုကုမ္ပဏီများနှင့် ပူးပေါင်း၍လည်းကောင်း၊ ဌာနစိုက်ကွင်းများမှ ထွက်ရှိလာသော မျိုးကောင်း၊ မျိုးသန့်များကို မြန်မာ့လယ်ယာစီးပွားရေးအများပိုင် ကုမ္ပဏီလီမိတက် (MAPCO) နှင့် ပူးပေါင်း၍လည်းကောင်း မျိုးထုတ်လုပ်ဖြန့်ဖြူး ဆောင်ရွက် လျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်မှာကြားချက်ဖြစ်တဲ့ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၌ တစ်ချက်အပါအဝင်ဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍ၌ မျိုးလိုအပ်ချက် လုံလောက်စွာ ထုတ်လုပ်ဖြန့်ဝေနိုင်ရေးဆောင်ရွက်သွားရန် လမ်းညွှန်ချက်နှင့်အညီ နေပြည်တော်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ အာရှဖွံ့ဖြိုးရေးဘဏ်(Asia Development Bank-ADB)၊ အာရှဖွံ့ဖြိုးရေးဘဏ်သိပ္ပံ (Asia Development Bank Institute -ADBI) တို့၏ အကူအညီနဲ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မယ့် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ၊၂၇ ရက်နေ့အထိ Seed Policy Forum တစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံမှာ

ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် မျိုးစေ့ထုတ်လုပ်မှုလုပ်ငန်း ပေါ်ပေါက်လာစေရေးဆိုင်ရာ မူဝါဒရေးရာ ဆွေးနွေးပွဲတစ်ခုကို ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပြီး၊ တောင်သူလယ်သမားများအကျိုးအတွက် ဈေးကွက်ဝင် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**မြေယာအငြင်းပွားမှုအပေါ်တွင် ဘဝပျက်သည်အထိ နစ်နာမှုခံစားရသည့် အခွန်ထမ်းနိုင်ငံသားများ အတွက် မည်သည့်ဦးစီးဌာနမှ တာဝန်ယူကုစားပေးမည်ကို သိလိုသည့်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောဘသိန်း(သထုံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ ကာယစိတ်တသုခနှစ်ဝပြည့်ဝစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် သထုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောဘသိန်းဖြစ်ပါတယ်။ ယခုဒီမေးခွန်းကို မေးမြန်းရခြင်းဟာဆိုရင် တကယ့် လက်တွေ့ပကတိအခြေအနေ၊ မြေပြင်မှာဖြစ်ပျက်ခံစားရနေတဲ့အတွက်ကြောင့်မိုလို့ ခံစားရသော နိုင်ငံသားများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာဆိုရင် မြေယာကိစ္စနှင့်ပတ်သက်ပြီးတော့ လုပ်ကိုင်ခွင့် ချပေးရာမှာ သစ်တောရေးရာဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာန ၂ ခုသာ အဓိကကျတဲ့အခန်းကဏ္ဍက ပါဝင်နေရပါတယ်။ ကျေးလက်နေပြည်သူများအနေနဲ့ ပညာမတတ်မှု၊ ဥပဒေနားမလည်မှုကြောင့် ပြည်သူ့ဝန်ထမ်းများကိုသာ အားကိုးပြီးတော့နေကြရပါတယ်။ အဲ့ဒီမှာ သက်ဆိုင်ရာဦးစီးဌာနအနေနဲ့ ကျေးလက်ပြည်သူများကို လုပ်ထုံးလုပ်နည်းပြောပြဆောင်ရွက်ပေးခြင်းမရှိဘဲ အလွယ်တကူအခွန် ဆောင်ပြေစာများသာထုတ်ပေးခဲ့ပါတယ်။ ပြည်သူများအနေနဲ့ကလည်း ဒီပြေစာခွန်ရရှိပြီးဖြစ်တဲ့ အတွက် မိမိလုပ်ပိုင်ခွင့်ရတဲ့မြေဖြစ်ပြီလို့မှတ်ယူထားပါတယ်။ ဒီအတွက်ကြောင့် အောက်ခြေမြေယာ များမှာက သစ်တောဦးစီးပိုင်မြေလား။ မြေစာရင်းဦးစီးဌာနပိုင်မြေလားဆိုတာကို ရှင်းလင်းစွာ ဆောင်ရွက်ထားခြင်းမရှိတဲ့အတွက်ကြောင့်မိုလို့ ၎င်းမြေကွက်ပဲ နောက်တစ်ခါ ဦးစီးဌာနတစ်ခုက ထပ်ပြီး အခြားလူတစ်ဦးကို လုပ်ပိုင်ခွင့်ထပ်ပြီးတော့ချပေးခဲ့တာကိုတွေ့ရှိရပါတယ်။ အဲ့ဒီကမှ ယခင်ဦးစီးဌာနက လုပ်ပိုင်ခွင့်ပြေစာခွန်ထပ်ဆောင်ပြီးလုပ်ဆောင်ခဲ့တဲ့အတွက်ကြောင့်မို့လို့ မိသားစု စားဝတ်နေရေးအတွက် စိုက်ပျိုးထားသည်မှာလည်း အချိန်ကာလကြာပြီး ခံစားနေရပြီလည်း ဖြစ်ပါတယ်။ အဲ့ဒီကမှ ယခင်စိုက်ပျိုးထားသူနဲ့ နောက်စိုက်ပျိုးခွင့်ရရှိသူတို့ ပိုင်ဆိုင်မှုပဋိပက္ခ

ဖြစ်ပေါ်ကြုံတွေ့ကြရတယ်။ အဲ့ဒီအခါမှာ လုပ်ပိုင်ခွင့်ရသူနှစ်ဦးအနေနဲ့ သူပိုင်၊ ငါပိုင်အငြင်းပွားမှုများနဲ့ပတ်သက်ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် အထောက်အထားများ တင်ပြရှင်းလင်းနေကြရပါတယ်။ အဲ့ဒီလို ရှင်းလင်းတင်ပြနေကြရာမှာလည်း အားကြီးသူအနိုင်စမ်းဆိုသလို နောက်ရရှိတဲ့ ပုဂ္ဂိုလ်အနေနဲ့ သူအနေနဲ့ အနောက် Background ကောင်းတဲ့အတွက်ကြောင့် ယခင်ကိစ္စရရှိတဲ့ သူဟာဆိုရင် ဆုံးရှုံးမှုကိုခံစားခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ မြေယာအငြင်းပွားမှုအပေါ်တွင် ဘဝပျက်သည်အထိ နစ်နာမှုခံစားရတဲ့ အခွန်သားနိုင်ငံသားများ အတွက် မည်သည့်ဦးစီးဌာနမှ တာဝန်ယူကုစားပေးမည်ကိုသိရှိလိုပါကြောင်း အခွန်သား၊ နိုင်ငံသားများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုတင်ပြမေးမြန်းအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်း၏ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်၍ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လက်ရှိစိုက်ပျိုးလုပ်ကိုင်လျက်ရှိသော လယ်ယာမြေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၂-၉-၂၀၁၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၆၂/၂၀၁၂ ဖြင့် ဖွဲ့စည်းပေးခဲ့သော ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၁၆-၁၀-၂၀၁၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၂ ဖြင့် ဖွဲ့စည်းပေးခဲ့သော နေပြည်တော်ကောင်စီအပါအဝင်၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနတို့မှ လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း၊ တောရိုင်းမြေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးရဲ့ ၁၂-၉-၂၀၁၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၆၆/၂၀၁၂ ဖြင့် ဖွဲ့စည်းပေးခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီရဲ့ ၁၈-၁၀-၂၀၁၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၂ ဖြင့် ဖွဲ့စည်းပေးခဲ့တဲ့ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် မြေလွပ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့တို့မှ မြေလွပ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။

သစ်တောမြေများနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ စီမံခန့်ခွဲလျက်ရှိပါကြောင်းနှင့် မြို့မြေ၊ ရွာမြေအတွင်းရှိ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများ၊ စာကျက်မြေများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ယင်းတို့၏ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနဟာ မြေခွန်စည်းကြပ်ခြင်းလုပ်ငန်းကို တစ်နှစ်လျှင် ၂ ကြိမ်၊ (ကောက်လျင်/ကောက်ကြီးရာသီစည်းကြပ်ခြင်း) ဇန်နဝါရီလနှင့် (ကိုင်း/မုရင်းရာသီစည်းကြပ်ခြင်း) ဧပြီလတို့တွင်ဆောင်ရွက်ပါတယ်။ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှစည်းကြပ်သော မြေခွန်ပြေစာတွင် အခွန်ပြေစာသာဖြစ်ကြောင်းနှင့် မြေပိုင်ရှင်ဖြစ်ကြောင်း၊ သက်သေခံလက်မှတ်မဟုတ်ကြောင်း ထင်ရှားစွာဖော်ပြထားသည့်အတွက် မြေခွန်ပြေစာသည် မြေပိုင်ဆိုင်မှုနဲ့မသက်ဆိုင်ပါကြောင်းတင်ပြအပ်ပါတယ်။ လက်ရှိစိုက်ပျိုးလုပ်ကိုင်လျက်ရှိသော တောင်သူလယ်သမားများ၏ လယ်ယာမြေများအား သားစဉ်မြေးဆက် အဆက်ဆက်တိုင်အောင် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံတစ်ဝန်းလုံးမှာ ၁-၁-၂၀၁၃ ရက်နေ့မှစတင်ပြီး ဆောင်ရွက်ပေးလျက်ရှိပြီး၊ ယခုအခါ တောင်သူလယ်သမားများလက်ဝယ်အရောက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ထုတ်ပေးလျက်ရှိပါတယ်။ ယခုအခါ လယ်ယာမြေဥပဒေကို ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁ အဖြစ် နိုင်ငံတော်သမ္မတက ၃၀-၃-၂၀၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုး၍ အတည်ပြုထုတ်ပြန်ခဲ့ပြီး လယ်ယာမြေဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (က) အရ လယ်ယာမြေနည်းဥပဒေများကို ၃၁-၈-၂၀၁၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၂ ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၂-၉-၂၀၁၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၆၂/၂၀၁၂ ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၁၆-၁၀-၂၀၁၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၂ ဖြင့် အဆင့်ဆင့်သော လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များဖွဲ့စည်းပေးခြင်း၊ ၂/၂၀၁၂ ဖြင့် ၎င်းတို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်တို့ကို ပြဋ္ဌာန်းပေးခြင်းတို့ကို ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုနှင့် စပ်လျဉ်းပြီး လယ်ယာမြေဥပဒေပုဒ်မ ၂၂ မှ ၂၅ အထိ တိကျစွာရှင်းလင်းဖော်ပြထားပြီးဖြစ်ပါတယ်။ ပုဒ်မ ၂၂ လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မူလမှုခင်းဖွင့်လှစ်၍ စုံစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်းနှင့်

ဆုံးဖြတ်ခြင်းပြုရမည်။ ပုဒ်မ ၂၃ ရပ်ကွက်နှင့် ကျေးရွာအုပ်စုလယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့က ပုဒ်မ ၂၂ အရ ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီအယူခံနိုင်သည်။ (ခ) မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ရပ်ကွက်နှင့် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကချမှတ်တဲ့ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ပုဒ်မ ၂၄ (က) ပုဒ်မ ၂၃ ပုဒ်မခွဲ (ခ) အရ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည်ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ချမှတ်သည့်အတိုင်း သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ပုဒ်မ ၂၅ (က) ပုဒ်မ ၂၄ ပုဒ်မခွဲ (ခ) အရ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကျေနပ်သူသည် ယင်းအမိန့်ကို သို့မဟုတ် ဆုံးဖြတ်ချက်ကိုချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီအယူခံနိုင်သည်။ (ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ (ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့်ပတ်သက်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေကို ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀ အဖြစ် နိုင်ငံတော်သမ္မတက ၃၀-၃-၂၀၁၂ ရက်နေ့မှာ လက်မှတ်ရေးထိုး၍အတည်ပြုထုတ်ပြန်ခဲ့ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၃၄ ပုဒ်မခွဲ(က) အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး နည်းဥပဒေဥပဒေကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးရဲ့ ၃၁-၈-၂၀၁၂ ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၂ ဖြင့် အတည်ပြုပြဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံတော်သမ္မတရုံးရဲ့ ၁၂-၉-၂၀၁၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၆၆/၂၀၁၂ ဖြင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့ပါတယ်။ မြေလွတ်၊ မြေလပ်နှင့်

မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ ရဲ့ ၁၈-၁၀-၂၀၁၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၂ ဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီးဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများမှာ လုပ်ပိုင်ခွင့်အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်မှုနှင့်ပတ်သက်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေမှာလည်းပဲ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

ပုဒ်မ ၂၅ (က)(ခ)(ဂ)နဲ့ပြဋ္ဌာန်းထာပြီးဖြစ်ပါတယ်။ လယ်ယာမြေဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် နယ်မြေအလိုက် ပကတိမြေပြင်အခြေအနေမှန်များအားတိကျစွာစစ်ဆေး၊ စိစစ်ဆုံးဖြတ်ပေးနိုင်မည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ပါဝင် ဆောင်ရွက်တဲ့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့များကို ခိုင်မာစွာဖွဲ့စည်းတာဝန်ပေးအပ် ထားရှိပြီးဖြစ်ပါ၍ ထိုအဖွဲ့များက အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြေပြင်ပကတိ အခြေအနေမှန်အတိုင်း မြေပြင်ကွင်းဆင်းစိစစ်၊ စစ်ဆေး၊ ဆုံးဖြတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနရဲ့ဖြေကြားချက်ကို ဆက်လက် ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အတွင်းရှိ သစ်တောသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့ပြီး နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများရဲ့ လူမှုဘဝ တိုးတက်မြင့်မားရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းများ ဖန်တီးနိုင်ရေးတို့ကိုအခြေခံပြီး ၁၉၉၅ ခုနှစ်မှာ သစ်တောမူဝါဒကိုလည်းကောင်း၊ ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ အမျိုးသားသစ်တောကဏ္ဍပင်မ နှစ် ၃၀ စီမံကိန်းကိုလည်းကောင်း အသီးသီးပြဋ္ဌာန်းရေးဆွဲအကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားသစ်တောကဏ္ဍပင်မ နှစ် ၃၀ စီမံကိန်းအရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံခန့်ခွဲပိုင်ခွင့်ရှိသောသစ်တောမြေ ပမာဏကို နိုင်ငံတော်ဧရိယာ၏ ၃၀ ရာခိုင်နှုန်းအထိလည်းကောင်း၊ သဘာဝနယ်မြေဧရိယာကို ၁၀ ရာခိုင်နှုန်းအထိလည်းကောင်း ဖွဲ့စည်းရန်ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပြီး လက်ရှိကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများကို နိုင်ငံတော်ဧရိယာရဲ့ ၂၅.၀၁ ရာခိုင်နှုန်း ဖွဲ့စည်းပြီးဖြစ်ကြောင်းသိရှိရပါတယ်။ သစ်တောနယ်မြေများ ဖွဲ့စည်းဆောင်ရွက်ရာ၌ ၁၉၉၂ ခုနှစ်တွင်

ပြဋ္ဌာန်းထားတဲ့ သစ်တောဥပဒေပုဒ်မ (၃)(၄)(၆)နှင့် ၁၉၉၅ ခုနှစ်တွင်ပြဋ္ဌာန်းတဲ့ သစ်တောနည်းဥပဒေများ ပုဒ်မ (၃)မှ(၁၉) အထိ သစ်တောဦးစီးဌာန၊ ဒေသအုပ်ချုပ်ရေးနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများပါဝင်သည့်အဖွဲ့ကို စနစ်တကျဖွဲ့စည်းပြီး ရည်ရွယ်ကြောင်းကြေညာခြင်း၊ ဒေသခံ ပြည်သူများ အားအသိပေးရှင်းလင်းခြင်း၊ ဆိုင်ရာဆိုင်ခွင့်များကို ရက်ပေါင်း ၉၀ အတွင်း လျှောက်ထားစေခြင်း၊ မှတ်ပုံတင်ခြင်း၊ လျော်ကြေးတောင်းခံငွေများစာရင်းပြုစုခြင်းနှင့် ဖွဲ့စည်းကြောင်း အမိန့်ကြော်ညာစာ ထုတ်ပြန်ခြင်းစသည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်းသိရှိရပါတယ်။ ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောများဖွဲ့စည်းရာမှာ ဖွဲ့စည်းမည့်နေရာဒေသရှိပြည်သူများ သစ်တောထွက်ပစ္စည်းများထုတ်ယူသုံးစွဲခွင့်၊ မြေအသုံးချခွင့် များကို အရေအတွက်၊ အမျိုးအစား၊ ဧရိယာ၊ နယ်နိမိတ်၊ အချိန်ရာသီ၊ ခွင့်ပြုမည့်နည်းလမ်းများ သတ်မှတ်ပေးခြင်း၊ ဖွဲ့စည်းစဉ်တွင်တည်ရှိနေသည့် ကျေးရွာ၊ လယ်ယာမြေများကိုထည့်သွင်း ဖွဲ့စည်းခြင်းမပြုဘဲ ချန်လှပ်လုပ်ကွက်များသတ်မှတ်ပေးခြင်းတို့ကို စနစ်တကျမှတ်တမ်းတင်၍ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်းသိရပါတယ်။ မြန်မာနိုင်ငံမှာ လူဦးရေတိုးတက်များပြားလာသည် နဲ့အမျှ သစ်တောနယ်မြေများအတွင်း တရားမဝင်ဝင်ရောက်နေထိုင်ခြင်း၊ လယ်ယာလုပ်ကိုင်ခြင်းများ ရှိခဲ့ပါကြောင်း အဆိုပါကိစ္စရပ်များအား ၁၉၉၂ ခုနှစ် သစ်တောဥပဒေပုဒ်မ ၄၀ နှင့် ၁၉၉၅ ခုနှစ် သစ်တောနည်းဥပဒေများပုဒ်မ ၁၉ တို့အရ အရေးယူရန်ဖြစ်သော်လည်း ကျူးကျော်ဝင်ရောက် လုပ်ကိုင်နေသည့် ဒေသခံများ၏ဘဝရှင်သန်ရပ်တည်ရေးနှင့် စားဝတ်နေရေးတို့ကို ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားပြီး အရေးယူဆောင်ရွက်ခြင်းမပြုဘဲ ကျူးကျော်ထားတဲ့မြေဧရိယာကို အတိအကျ တိုင်းတာသတ်မှတ်ပြီး စနစ်တကျမှတ်ပုံတင်ခြင်း၊ ထပ်မံကျူးကျော်မှုမပြုရေးအတွက် ရှင်းလင်း ဆွေးနွေးခြင်း၊ အသိပေးခြင်း၊ ဝန်ခံကတိပြုခြင်းများရယူခြင်းတို့သာ ဆောင်ရွက်ခဲ့ကြောင်းသိရှိရပါတယ်။ ထို့အပြင် အထက်ပါ တရားမဝင်လုပ်ကိုင်နေသူများအား ရေရှည်တွင်စနစ်တကျဆက်လက် ဆောင်ရွက်နိုင်ရေးအတွက်လည်း သတ်မှတ်ထားတဲ့ လုပ်ထုံးလုပ်နည်းများနဲ့ကိုက်ညီသည့် သီးနှံ သစ်တောရောနှောစိုက်ပျိုးခြင်းစနစ်ကို (AgroForestry System) အခြေခံသော ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်း (Community Forestry) တည်ထောင်ရေးကို စည်းရုံးဆောင်ရွက် လျက်ရှိပါကြောင်း၊ ဒေသခံပြည်သူ့အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတည်ထောင်ခြင်းကို အစုအဖွဲ့ ဖွဲ့စည်း၍ လုပ်ငန်းစီမံချက်နဲ့တကွ စနစ်တကျပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်၍ မြေငှားရမ်းခအခမဲ့ဖြင့် နှစ် ၃၀ အထိ တည်ထောင်ခွင့်လက်မှတ်ထုတ်ပေးလျက်ရှိကြောင်းသိရှိရပါတယ်။ နိုင်ငံတော်အတွင်း သဘာဝပတ်ဝန်းကျင်တည်တံ့ခိုင်မြဲရေးနှင့် သစ်တောသယံဇာတ

အရင်းအမြစ်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရေး၊ ပုဂ္ဂလိကသစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသခံပြည်သူအလုပ်အကိုင်အခွင့်အလမ်းတိုးပွားပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရေးစတဲ့ ရည်ရွယ်ချက်များဖြင့် သစ်တောဥပဒေပုဒ်မ ၁၄ ၊ သစ်တောနည်းဥပဒေများပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များနဲ့အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေ(ကြိုးဝိုင်း၊ကြိုးပြင်တော)များအတွင်းရှိ တောနိမ့်၊ တောပြုတ်များတွင် နိုင်ငံသားပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများအား ပုဂ္ဂလိကစိုက်ခင်းများကို စည်းကမ်းသတ်မှတ်ချက်များဖြင့် လုပ်ထုံးလုပ်နည်းနဲ့အညီ စနစ်တကျတည်ထောင် လုပ်ကိုင်ခွင့်ပြုလျက်ရှိကြောင်းသိရှိရပါတယ်။ နိုင်ငံတစ်ဝန်းရှိ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝနယ်မြေများမှာ ခွင့်ပြုချက်မရှိဘဲ နှစ်ကာလကြာရှည်စွာ ဝင်ရောက်နေထိုင်လုပ်ကိုင်စားသောက်မှုများအပေါ် နိုင်ငံတော်သမ္မတရုံးရဲ့ လမ်းညွှန်ချက်နဲ့အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ၂၀၁၃ ခုနှစ် ဧပြီလအတွင်း ကွင်းဆင်းစာရင်းကောက်ယူခဲ့ပြီး ကောက်ယူရရှိသောစာရင်းများအပေါ်အခြေခံပြီး အခြေတကျတည်ထောင်ထားတဲ့ကျေးရွာများ၊ လယ်မြေများကို သစ်တောနယ်မြေမှပယ်ဖျက်ပေးရန် နှင့် ယာမြေများကို သီးနှံ၊ သစ်တောရောနှောသည့်စနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော အဖြစ်လည်းကောင်း၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းအဖြစ်လည်းကောင်း လုပ်ထုံးလုပ်နည်းများနဲ့အညီ နှစ်ရှည်လုပ်ကိုင်ခွင့်ပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

## လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ရှင်းလင်းတင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ရှင်းလင်းတင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာစိုးမိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်

တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့်ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီရဲ့ရှင်းလင်းတင်ပြချက်ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ ၂၇-၈-၂၀၁၂ ရက်စွဲပါစာဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆ ပုဒ်မခွဲ(ခ)တွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းပေးရန် မူလမဲဆန္ဒရှင်များ၏ ၁ ရာခိုင်နှုန်းထက်မနည်းသူတို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြတိုင်တန်းမှုများရှိလာနိုင်ပါသဖြင့် ဥပဒေနှင့်အညီ စနစ်တကျစစ်ဆေးဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၇ နှင့်အညီ ဥပဒေအဖြစ်ပြဋ္ဌာန်းပေးနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

၂။ တင်ပြပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီသည် ၆-၁၁-၂၀၁၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို တင်သွင်းခဲ့ပြီးလည်း ဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၈-၁၁-၂၀၁၂ ရက်စွဲပါစာဖြင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာမှာပါရှိတဲ့ စိစစ်တွေ့ရှိချက်များအပေါ်မှာ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးအတည်ပြုခြင်း မပြုမီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သဘောထားမှတ်ချက်များကို အလေးထားစဉ်းစားပြီး ပြန်လည်စိစစ်သုံးသပ်ပြီးမှသာ ဆွေးနွေးအတည်ပြုသင့်ကြောင်းလည်း အကြံပြုစာပေးပို့ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းနှင့်ပတ်သက်၍ အစီရင်ခံစာပါအချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုကျော်လွန်၍ စိစစ်ထားခြင်းမဟုတ်ဘဲ လွှတ်တော်အတွင်း လွှတ်တော်ကိုယ်စားလှယ်များမှ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပြီး ဆုံးဖြတ်ချက်ချနိုင်ရန် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့ပြီး အစီရင်ခံစာတင်ပြခြင်းဖြစ် ပါတယ်။

၃။ ယင်းဥပဒေကြမ်းနှင့်ပတ်သက်၍ ပြင်ဆင်ချက်အဆိုတင်သွင်းရန်ရှိပါက ၁၆-၁၁-၂၀၁၂ ရက်နေ့တွင်နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ အသိပေးကြေညာခဲ့ပြီးလည်းဖြစ်ပါသည်။ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသူ ၇ ဦး၏

ပြင်ဆင်ချက်များတင်သွင်းထားပြီး ဥပဒေကြမ်းကော်မတီမှလည်း လွှတ်တော်၌ဆွေးနွေးဆုံးဖြတ်နိုင်ရေး အတွက် လွှတ်တော်နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်ပြလာတဲ့ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် တစ်ပါတီစနစ် ကျင့်သုံးခဲ့တဲ့ခေတ်ကာလက ပြဋ္ဌာန်းခဲ့တဲ့ ၁၉၇၅ ခုနှစ် တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဥပဒေအား မှီငြမ်းပြုစုထားတာကို လေ့လာတွေ့ရှိရပါတယ်။

၅။ မိမိတို့နိုင်ငံဟာ ယခုအခါ၌ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးနေတဲ့ကာလဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆ ပါပြဋ္ဌာန်းချက်ဖြစ်တဲ့ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များ အနက် အနည်းဆုံး ၁ ရာခိုင်နှုန်းတို့က တာဝန်မှပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ် နှင့်ပတ်သက်သည့်တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်ဟူသော ပြဋ္ဌာန်းချက်သည် တစ်ပါတီစနစ်ကျင့်သုံးတဲ့နိုင်ငံများမှာ မှန်ကောင်းမှန်နိုင်မှာဖြစ်သော်လည်း ပါတီစုံ ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့နေရာမှာ အဆိုပါပြဋ္ဌာန်းချက်ကို ပြန်လည်စဉ်းစားသုံးသပ်ဖို့ လိုအပ်မည် ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

၆။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆ အပိုဒ်ခွဲ(ခ)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ အပိုဒ်ခွဲ(ည)ပါပြဋ္ဌာန်းချက်များတွင် သက်ဆိုင်ရာမဲဆန္ဒနယ်မှ မူလမဲဆန္ဒရှင်များ အနက် အနည်းဆုံး ၁ ရာခိုင်နှုန်းဆိုသည့် စကားရပ်နှင့်ပတ်သက်ပြီး မဲဆန္ဒနယ် ၁ နယ်တွင် ပါတီ အသီးသီး၏ ကိုယ်စားလှယ်လောင်းများ ယှဉ်ပြိုင်အရွေးခံကြတဲ့နေရာမှာ ရှုံးတဲ့ကိုယ်စားလှယ်လောင်း များသည် ဆန္ဒမဲပေးခံရမှုရဲ့အနည်းဆုံး ၁ ရာခိုင်နှုန်းထက် ကျော်လွန်ပြီးတော့ ရနိုင်ကြမှာဖြစ်ပါတယ်။ သို့ဖြစ်၍ ရှုံးနိမ့်ခဲ့သောလွှတ်တော်ကိုယ်စားလှယ်သည် ဆန္ဒမဲပေးကြသူများ၏ ၁ ရာခိုင်နှုန်း အရေအတွက်ဖြင့် ထောက်ခံမှုကို ရရှိနိုင်သောကြောင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား တာဝန်မှ ပြန်လည်ရုပ်သိမ်းပေးရေးအတွက် တောင်းဆိုချက်ကို လက်ဝယ်ရရှိသကဲ့သို့ ဆောင်ရွက်နိုင်ကြမှာ ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ယှဉ်ပြိုင်ခဲ့တဲ့ကိုယ်စားလှယ်လောင်းများကြားမှာ မလိုလားအပ်တဲ့ ပြဿနာများ ဖြစ်ပေါ်လာနိုင်တာကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ စဉ်းစားသုံးသပ်နိုင်ကြမှာဖြစ်ပါ တယ်။

၇။ ယနေ့ တိုးတက်ပြောင်းလဲလာတဲ့ ကမ္ဘာ့နိုင်ငံများမှာ တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာများကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲတာကို မတွေ့ရှိရပါဘူး။ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးတဲ့ ကမ္ဘာ့နိုင်ငံများမှာ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းများကို ၎င်းတို့နိုင်ငံအသီးသီးမှာပြဋ္ဌာန်းထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီပဲ ကျင့်သုံးကြတာဖြစ်ပါတယ်။ ကျင့်သုံးပုံ ကျင့်သုံးနည်းနှင့် နည်းစနစ်များဟာ တစ်သမတ်တည်းမရှိတာကို တွေ့ရပါတယ်။ လုပ်ထုံးလုပ်နည်း ကွဲပြားခြားနားမှုရှိသော်လည်း သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး ၁ ရာခိုင်နှုန်းက တာဝန်မှပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်များနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တိုင်တန်းလျှင် ကော်မရှင်က ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးပြီး အရေးယူဆောင်ရွက်ရမည်ဟူသော ပြဋ္ဌာန်းချက်မျိုးဖော်ပြထားတာကို မတွေ့ရှိရပါဘူး။ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး ၁ ရာခိုင်နှုန်းဟု သတ်မှတ်ခြင်းမှာ ပါတီစုံဒီမိုကရေစီကျင့်သုံးသောနိုင်ငံများ၌ အပြုသဘောထက် အပျက်သဘောကို ပိုမိုအားပေးရာရောက်တာကို သုံးသပ်ရရှိပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ အခြားနိုင်ငံများမှ လုပ်ကိုင်နေတဲ့စနစ်များကို လက်လှမ်းမီသလောက် အနည်းအကျဉ်းတင်ပြလိုပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

- အမေရိကန်နိုင်ငံ ဥပဒေပြုလွှတ်တော်ဖြစ်တဲ့ Congress ဟာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အရေးယူဆောင်ရွက်ရန်လိုအပ်လျှင် လွှတ်တော်ကိုယ်စားလှယ်များ၏ မဲ၏သုံးပုံနှစ်ပုံထောက်ခံမဲဖြင့် အတည်ပြုထုတ်ပယ်နိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များကို တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းပြုရန် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပြဋ္ဌာန်းထားခြင်း မရှိပါဘူး။ အမေရိကန်နိုင်ငံမှာ ဥပဒေပြုလွှတ်တော်ဖြစ်တဲ့ Congress မှာ မကျင့်သုံးသော်လည်း ပြည်နယ်လွှတ်တော်အချို့မှာ ကျင့်သုံးကြောင်းတွေ့ရှိရပါတယ်။ ဥပမာအားဖြင့် ကယ်လီဖိုးနီးယားပြည်နယ်မှာ လွှတ်တော်ကိုယ်စားလှယ်များကို တာဝန်မှပြန်လည်ရုပ်သိမ်းရန် မဲဆန္ဒရှင်များ၏ အနည်းဆုံး ၁၂ ရာခိုင်နှုန်းတင်ပြဖို့လိုအပ်ပါတယ်။ အခြားပြည်နယ်များတွင်လည်း အနည်းဆုံး ၄၀ ရာခိုင်နှုန်း တင်ပြရန်လိုအပ်သည်ကို ဖော်ပြထားတာကိုတွေ့ရပါတယ်။ ၎င်းလွှတ်တော်ကိုယ်စားလှယ် စွပ်စွဲချက်အတွက် မဲဆန္ဒရှင်များ၏ဆန္ဒမဲပေးခြင်းဖြင့် အဆုံးအဖြတ်ပြုသည့်လုပ်ငန်းများ လုပ်ဆောင်တာကိုလည်း ဖော်ပြထားတာ မတွေ့ရှိပါဘူး။
- ကနေဒါနိုင်ငံ၊ British Columbia ပြည်နယ်မှာ မဲဆန္ဒရှင်များရဲ့ ၄၀ ရာခိုင်နှုန်းက စွပ်စွဲတိုင်တန်းရန်လိုအပ်ပြီး တိုင်တန်းချက်မှန်ကန်ကြောင်း စစ်ဆေးပေါ်ပေါက်လျှင် ဆန္ဒ

ခံယူရန်မလိုဘဲ တာဝန်မှပြန်လည်ရုပ်သိမ်းနိုင်ကြောင်း ဖော်ပြထားတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

- ဆွစ်ဇာလန်နိုင်ငံမှာ ပြည်ထောင်စုအဆင့် Union Level မှာ လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းစနစ်ကျင့်သုံးတာမရှိပါဘူး။
- Venezuela နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းကို မူလမဲဆန္ဒရှင်၏ ၂၀ ရာခိုင်နှုန်းထက်မနည်း တိုင်တန်းမှသာ တိုင်တန်းချက် ကို အရေးယူနိုင်ကြောင်း တွေ့ရှိရပါတယ်။
- ဒီမိုကရေစီစနစ်အပြည့်အဝကျင့်သုံးနေတဲ့ အိန္ဒိယနိုင်ငံမှာ လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းကို ဥပဒေပြုပါလီမန်မှ ကျင့်သုံးတာမရှိကြောင်းကို လေ့လာတွေ့ရှိရပါတယ်။ ပြည်နယ်အချို့နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့တွေမှာသာ ကျင့်သုံးတာကို တွေ့ရှိရပါတယ်။

၈။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီကို ဖွဲ့စည်းရန်ဆုံးဖြတ်ခဲ့ပြီး ယခု ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ ကော်မတီဖွဲ့စည်းခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအား ဆန်းစစ်လေ့လာခြင်းလုပ်ငန်းများကိုဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

၉။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကတင်သွင်းခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းအား ဖွဲ့စည်းပုံအခြေခံဥပဒေဆန်းစစ်လေ့လာမှုပြုနေစဉ်ကာလအတွင်း ဥပဒေကြမ်းနှင့်ပတ်သက်သည့် ဆွေးနွေးမှုများအား ဆိုင်းငံ့ထားသင့်ပါသဖြင့် လွှတ်တော်မှအဆုံးအဖြတ်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။တပ်မတော်သားကိုယ်စားလှယ်က ဆွေးနွေးချင်တဲ့သူ သတင်းပို့ထားပါတယ်။

**ဗိုလ်မှူးကြီးဉာဏ်နိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အားလုံး ရွှင်လန်း အေးမြကြပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း-၁၉၆၁၂ ဗိုလ်မှူးကြီးဉာဏ်နိုင် ဖြစ်ပါတယ်။ ခုနက ဥပဒေကြမ်းကော်မတီက ရှင်းလင်းတင်ပြသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့်ပတ်သတ်ပြီး အချက်အနည်းငယ်ကို ဆွေးနွေးတင်ပြလိုပါတယ်။ ပထမအချက်အနေနဲ့ ယခုကျွန်တော်တို့ လွှတ်တော်ဟာ ပြည်သူ့ဆန္ဒတွေကိုဖော်ဆောင်နေတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒီလို ပြည်သူ့ဆန္ဒတွေ ဖော်ဆောင်တဲ့အတွက် လွှတ်တော်နှင့်ပတ်သက်ပြီး ပြည်သူလူထုရဲ့ ယုံကြည်မှုဟာလည်း တိုးပွားတိုးတက်နေတာ ကျွန်တော်တို့လည်း သိရပါတယ်။ သို့ဖြစ်တဲ့အတွက် ဒီယုံကြည်မှုကို အရှိန်အဟုန်နဲ့ဆက်လက်တိုးမြှင့်နိုင်ရန်အတွက် နောက်ပြီးတော့ ပြည်သူ့လွှတ်တော်အပါအဝင် လွှတ်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဂုဏ်သိက္ခာအတွက် ခုနကတုန်းက တင်ပြသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်ဆိုင်ရာတာဝန်ပြန်လည်ရုပ်သိမ်းမှုဥပဒေကြမ်းကို ဆက်လက်ဆွေးနွေးသင့်တယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်မိပါတယ်။ ဒါကတော့ ပထမအချက်ပါ။

ဒုတိယအချက်အနေနဲ့ကတော့ ကျွန်တော်တို့ တပ်မတော်မှာ တပ်မတော်စည်းကမ်းရှိပါတယ်။ ဥပဒေကို တပ်မတော်ရဲ့ဥပဒေအရ မလုပ်ရဘူးဆိုတဲ့ဥစ္စာကို လုပ်ကိုင်မိလို့ရှိရင်အရေးယူတာရှိပါတယ်။ ဥပဒေနှင့်ငြိစွန်းလို့ရှိရင်လည်း ဒါအရေးယူပါတယ်။ ဒါ့ကြောင့်မို့လို့ ဥပဒေအရ ဥပဒေနှင့်အညီ လုပ်မယ်၊ မလုပ်ဘူး။ ဥပဒေနှင့်ညီတယ်၊ မညီဘူးဆိုတဲ့အချက်ကို ဥပဒေကပဲ ထိန်းကျောင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တင်ပြခဲ့တဲ့ ပထမအချက်နှင့် ဒုတိယအချက်ကို သုံးသပ်ပြီးတင်ပြရမယ်ဆိုလို့ရှိရင် ဒီလွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို ပြဋ္ဌာန်းဖို့ရာ ကြောင့်ကြစိုးရိမ်စရာမလိုဘဲနဲ့ ကျွန်တော်တို့ နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် သတ္တိရှိရှိနဲ့ လွှတ်တော်သက်တမ်းကာလ တစ်ဝက်ကျော်ရောက်ရှိလာပြီဖြစ်တဲ့အတွက် ဆက်လက်ပြီးတော့ ဆောင်ရွက်ဖို့ရာ အချိန်တန်ပြီဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ထင်မြင်သုံးသပ်မိပါတယ်။ ထို့အပြင်ပဲ ကျွန်တော်တို့ရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ပုဒ်မ ၃၉၆ မှာ ဒီဥပဒေနှင့်ပတ်သက်ပြီး ပြဋ္ဌာန်းထားတာ ရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ဟာ လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်တဲ့အတွက် ဒီဥပဒေနှင့်ပတ်သက်ပြီးတော့ ဆက်လက်ဆောင်ရွက်ရမှာ တာဝန်ရှိကြောင်းလည်းတွေ့ရပါတယ်။ ဒါ့ကြောင့်မို့လို့ တင်ပြခဲ့တဲ့အချက်အလက်များအရ ကျွန်တော်တို့အနေနဲ့ ကြောင့်ကြစိုးရိမ်စရာမလိုဘဲနဲ့ ဒီလွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဥပဒေကြမ်းကို

ဆိုင်းငံ့မထားဘဲနဲ့ ဆက်လက်ဆွေးနွေးဆောင်ရွက်သွားသင့်ပါကြောင်းတင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဗိုလ်မှူးကြီးမြင့်ကိုကို(တပ်မတော်သားကိုယ်စားလှယ်)**။ ။ကျွန်တော်က ကြည်း-၁၆၄၅၀ ဗိုလ်မှူးကြီးမင်းကိုကို ဖြစ်ပါတယ်။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ဆိုတာကတော့ ရွေးကောက်ခံကိုယ်စားလှယ်တွေရော၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စည်းမျဉ်းစည်းကမ်းနှင့်ခန့်အပ်ထားတဲ့ တပ်မတော်သား ကိုယ်စားလှယ်တွေရော ပါပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေဆိုတာက ကျွန်တော်တို့ လွှတ်တော်ထဲမှာနေပြီးတော့ နိုင်ငံသူ၊ နိုင်ငံသားတွေ လိုက်နာဖို့ ဥပဒေတွေပြုနေတဲ့သူတွေဖြစ်ပါတယ်။ ဥပဒေဆိုတာကတော့ အကြမ်းဖျင်းနားလည်တာကတော့ ဒါကတော့ ဒီလောက်လုပ်။ ဒါကတော့ မလုပ်နဲ့။ ဒါတွေလုပ်ဆိုပြီးတော့ ကန့်သတ်ချက်တွေ၊ တားမြစ်ချက်တွေ၊ တိုက်တွန်းချက်တွေပေးတာလို့ မြင်ပါတယ်။ အဲဒီတော့ ဒီထဲမှာထိုင်ပြီးတော့ ဥပဒေပြုနေကြတဲ့ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ စည်းမျဉ်းစည်းကမ်းတွေကရော ဘယ်လိုရှိမယ်။ ဘယ်လိုလိုက်နာမယ်။ ဘယ်လို လုပ်ကြမယ်ဆိုတဲ့ဟာတွေလည်း ဒါတွေလည်း လိုအပ်မယ်လို့ထင်ပါတယ်။ ကျွန်တော်က လွှတ်တော် စတင်ကတည်းက ဒီလွှတ်တော်မှာပါဝင်ပြီးတော့ တာဝန်ထမ်းဆောင်ခဲ့ရသူ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လွှတ်တော်ထဲမှာ လွှတ်တော်ကိုယ်စားလှယ်တွေ လက်ခံရမယ့်စည်းကမ်းတွေကို စစချင်း ညွှန်ကြားရေးမှူးချုပ်ကပဲ ကျွန်တော်တို့ လွှတ်တော်စည်းမျဉ်းစည်းကမ်းဥပဒေကို အမြန်ဆုံးဆက်လက် ဆွေးနွေးပြီးတော့ ပြဋ္ဌာန်းဖို့လိုတယ်ဆိုတဲ့ဟာလေးကို တင်ပြဖို့ဖြစ်ပါတယ်။ အားလုံး ဘယ်သူ့ကိုမှ လည်း ပုတ်ခတ်ထိခိုက်ခြင်း မဟုတ်ပါဘူး။ အဲဒီတော့ အဲဒီအချိန်မှာ လွှတ်တော်အတွင်းမှာ ပထမ အသံရှည် Bell တီးလို့ရှိရင် နေရာယူရမယ်။ ဒုတိယအသံရှည် Bell တီးတဲ့အချိန်မှာ နေရာမှာရှိပြီးသား ဖြစ်ရမယ်လို့ အားလုံးကို ကြေညာသွားတဲ့အခါမှာ ဒါလည်း လိုက်နာဖို့စည်းကမ်းပဲဖြစ်ပါတယ်။ အခု အချိန်ထိအောင် ဒီစည်းကမ်းကို တိတိကျကျလိုက်နာမှုများ အားလုံးမှာရှိပါရဲ့လားဆိုတဲ့ဟာမှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာတဲ့အချိန်မှာပဲ နောက်ကနေ ကမန်းကတန်းဝင်လာကြတဲ့ ဟာတွေကလည်း ဒါတွေ အများကြီးတွေ့နေရသေးတဲ့ အနေအထားဖြစ်နေပါတယ်။ နောက်တစ်ခုက ဒီမှာ ဆေးလိပ်သောက်ရန်နေရာ၊ ကွမ်းစားရန်နေရာစသည်အားဖြင့် ဒါတွေ သတ်မှတ်ပေးထားပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ရဲ့ခန့်ညားလှတဲ့ လွှတ်တော်လှေကားထစ်ကြီးမှာ ဆေးလိပ်တိုတွေဟာ အခုချိန်ထိ များစွာတွေ့နေရသေးတယ်။ နောက်တစ်ခုကလည်း ကွမ်းစားတဲ့နေရာက ကွမ်းစားတယ် ဆိုတာက တစ်ဦးချင်းရဲ့ လွတ်လပ်ခွင့်ဖြစ်သော်လည်း အများနေတဲ့နေရာတွေမှာစားပြီးတော့ ဥပမာ

မနက်ကဆိုရင်လည်း စားသောက်ခန်းထဲမှာ ရေဘူးလေးနဲ့ ကွမ်းတံတွေးထွေးထားတာ လှုပ်လှုပ်လှုပ်လှုပ်နဲ့ ကောက်ရအခက်၊ ကန်ပစ်ရအခက်ဖြစ်ခဲ့ရတဲ့အနေအထားလေးတွေ ဒါလေးတွေတွေ့ခဲ့ရပါတယ်။ အဲဒီတော့ ဒီမှာလွှတ်တော်ကိုယ်စားလှယ်တွေက အများပြည်သူတွေရဲ့လိုက်နာဖို့ ဥပဒေတွေပြဋ္ဌာန်းနေသလို ကျွန်တော်တို့ကိုလည်း လိုက်နာဖို့ကျင့်ဝတ်စည်းကမ်းတွေ ပြဋ္ဌာန်းထားတဲ့နေရာမှာအချက် ၅ ချက်အနေနဲ့ရှိပါတယ်။ ဒီထဲမှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို လိုက်နာဆောင်ရွက်ခြင်းဆိုတဲ့ အချက်တစ်ချက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေနှင့် တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များကိုလိုက်နာဆောင်ရွက်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာနှင့်လျော်ညီစွာ ပြုမူဆက်ဆံနေထိုင်ခြင်း၊ ကိုယ်စားလှယ်များ၏တာဝန်ကို ကျေပွန်စွာဆောင်ရွက်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြု၍ကိုယ်ကျိုးရှာမှု၊ လာဘ်ပေးလာဘ်ယူမှု၊ ခြိမ်းခြောက်မှုတို့ကို ရှောင်ကျဉ်ခြင်းစတဲ့အချက်တွေ ဒါလိုက်နာရမယ့်ဟာတွေပြဋ္ဌာန်းထားပါတယ်။ ကျန်တဲ့အချက်တွေကတော့ အချင်းချင်းမြင်နိုင်ပေမယ့် နံပါတ်(၅) အချက်ဖြစ်တဲ့ဟာကတော့ ဒီထဲမှာလည်း မြင်နိုင်မှမြင်နိုင်မှာဖြစ်ပါတယ်။ သူ့ရဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ရဲ့၊ နယ်မြေ အနေအထား၊ နယ်မြေစံအိမ်က ပြည်သူလူထုအနေနဲ့ သိလာနိုင်တဲ့အနေအထားလေးတွေရှိတဲ့အတွက် ဒါတွေအပေါ် ပြည်သူ ၁ ရာခိုင်နှုန်းကနေပြီးတော့ တင်ပြလို့ရှိရင်ဒါကျွန်တော်တို့ တာဝန်အနေနဲ့ ပြန်လည်ရုပ်သိမ်းနိုင်တယ်ဆိုတဲ့အချက်ကို တင်ပြထားတာ ရှိပါတယ်။ သို့သော်လည်း ၁ ရာခိုင်နှုန်းက တင်ပြရတယ်ဆိုပေမယ့်လည်း ၁ ရာခိုင်နှုန်း တင်ပြတိုင်းမဟုတ်ပါဘူး။ ကျွန်တော်တို့ လေ့လာစုံစမ်းစစ်ဆေးပြန်ပြီးတော့ ဆန္ဒခံယူပြီး ၅၀ ရာခိုင်နှုန်းကျော်မှ သူ့ကိုအရေးယူသင့်/မယူသင့်ဆိုတာ ဒါဆုံးဖြတ်ရမှာဖြစ်တဲ့အတွက် ခုနက လွှတ်တော်ကိုယ်စားလှယ်အချင်းချင်းဖြစ်နိုင်တယ်ဆိုတဲ့ဟာတွေကိုလည်း ဒါမဖြစ်နိုင်ပါဘူး။ သို့သော် ခုနက ဥပဒေကြမ်းကော်မတီကနေတင်ပြသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို စည်းကမ်းသတ်မှတ်ထားတဲ့တချို့နိုင်ငံတွေမှာမရှိဘူး။ မရှိတာများတယ်ပေါ့။ ကျွန်တော် မှတ်ထားတဲ့ဟာတွေက မရှိတဲ့နိုင်ငံတွေများတယ်။ ရှိတဲ့နိုင်ငံတွေလည်းရှိတယ်။ အဲဒီတော့ ပြည်သူတွေကို ဥပဒေပြုနေတဲ့လူတွေက ဒီထဲမှာစည်းကမ်းသတ်မှတ်မခံရဘဲနဲ့ ဒီထဲမှာနေတယ်ဆိုရင် ကျွန်တော်တို့အားလုံးကရော ဘယ်လောက်ထိအောင် စည်းကမ်းရှိနေကြပြီလဲ။ ခုနက ကျွန်တော် တင်ပြခဲ့တဲ့သာဓကလေးအရ လွှတ်တော်ရဲ့သက်တမ်းဟာလည်း တစ်ဝက်ကျော်လာပြီဖြစ်တဲ့အတွက် ကျန်တဲ့သက်တမ်းအတွင်းမှာ ဒီဥပဒေ

ဘောင်အတွင်း ကနေထိုင်သွားတဲ့အတွက် ဒီဟာကို ဆက်လက်ပြီး ဆွေးနွေးသင့်တယ်ဆိုတဲ့အကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဗိုလ်မှူးကြီးတင့်ဆန်း(တပ်မတော်သားကိုယ်စားလှယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အနည်းငယ် တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ဒီဥပဒေပြုရေးမှာ ဥက္ကဋ္ဌကြီး အမြဲပြောနေတာရှိပါတယ်။ ကျွန်တော် မှန်မှန်ကန်ကန်မျှမျှတတဖြစ်အောင် အမြဲတမ်းကော်မတီဝင်တွေဟာ ဥပဒေပြုရမယ်ဆိုပြီး ဒါ ပြောတဲ့လမ်းညွှန်ချက်ဟာ ဒါအင်မတန်မှကောင်းပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေဆိုလို့ရှိရင် ကျွန်တော်တို့ လေ့လာမိသလောက် အမှန်တရားဖြစ်ဖို့ လိုအပ်ပါတယ်။ အမှန်တရားက ဘယ်ကလာပါ သလဲလို့မေးခဲ့ရင်လည်း ကျွန်တော်တို့ ပြည်သူလူထုအာဏာ ဆင်းသက်မှုထံကနေလာတယ်ဆိုပြီး ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူလူထုရဲ့အာဏာဆင်းသက်မှုဟာလည်း ဒီမိုကရေစီရဲ့ အခြေခံပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမိုကရေစီနိုင်ငံရေးစနစ်မှာလည်း ပြည်သူလူထုသာလျှင် အချုပ်အခြာအာဏာပိုင်တယ်လို့ ကျွန်တော်တို့သိထားပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄ မှာလည်းပါရှိပါတယ်။ အချုပ်အခြာအာဏာပိုင်ဟာ ပြည်သူလူထုသာလျှင်ဖြစ်တယ်။ ပြည်သူ လူထုကနေ ဆင်းသက်လာတယ်။ နိုင်ငံတစ်ဝန်းလုံးမှာ တည်တယ်ဆိုပြီးတော့ပါရှိခဲ့ပါတယ်။ ဒါတွေကို ကြည့်ရင် ပြည်သူလူထုဗဟိုပြုဆိုတဲ့စံနှုန်းနဲ့ သွားနေတာပဲ ဖြစ်ပါတယ်။ ဒီစံနှုန်းတွေပြန်ကြည့်တဲ့ အခါမှာလည်း ရွေးကောက်ပွဲကော်မရှင်ကတင်ပြတဲ့ ဒီဥပဒေပြုရေးနဲ့ပတ်သက်ပြီး တင်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဆိုတဲ့အချက်ဟာလည်း ကျွန်တော်တို့ အခြေခံဥပဒေနဲ့ညီညွတ်မှု ရှိပါတယ်။ ဒါ့ကြောင့်မို့လို့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ရွတ်ပြနေရင် တော့ အများကြီးဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် ပုဒ်မ ၇၈ မှာရှိပါတယ်။ ၁၉၇၄ ခုနှစ် ပုဒ်မ ၁၅ မှာလည်း ပြဋ္ဌာန်းခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှာလည်း ကျွန်တော်တို့ဟာ ပုဒ်မ ၃၉၆၊ ၃၆၉၊ ၃၉၇ အသီးသီး ပြဋ္ဌာန်း ထားတာကိုလည်းတွေ့ရမှာ ဖြစ်ပါတယ်။ တကယ်တော့ ဒီဥပဒေဟာ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်အားလုံးနဲ့ သက်ဆိုင်ပါတယ်။ ကျွန်တော်တို့နဲ့လည်း သက်ဆိုင်ပါတယ်။ ကျန်တဲ့ အားလုံး နဲ့လည်း သက်ဆိုင်ပါတယ်။ တကယ်တော့ ဒါ ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်၊ ကျွန်တော်တို့ရဲ့ ဂုဏ်ဒြပ် ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့က ဒီဥပဒေတစ်ခုကို မြန်မြန်ပြဋ္ဌာန်းနိုင်ရင် ပြည်သူလူထုရဲ့ ယုံကြည်မှုလည်း ပိုမိုရရှိမယ်ဆိုပြီးတော့ ခံယူပါတယ်။ ကျွန်တော်ဥက္ကဋ္ဌကြီးကို အလျှဉ်းသင့်သလို တင်ပြထားခဲ့တာလေးတွေလည်း ရှိပါတယ်။ ဥပဒေပြုတဲ့အခါမှာ ဥပဒေကြမ်းပူးပေါင်းကော်မတီ အဖွဲ့ရယ်၊ သက်ဆိုင်ရာအစိုးရအဖွဲ့ရယ်၊ ကော်မရှင်ရယ်၊ နောက်တစ်ခါ အသိပညာရှင်၊ အတတ်ပညာရှင်အချို့ ဒီလိုပါတယ်။ ပါတဲ့အတွက်ကြောင့် ကျွန်တော်တို့က ဒါနဲ့တင်မခိုင်မာ

သေးပါဘူးလို့ ကျွန်တော် တင်ပြခဲ့ဖူးပါတယ်။ တကယ်လုပ်ရမှာက Online ပေါ်မှာ တင်ရပါမယ်။ ဒီဟာကိုတင်ပြီးတော့မှ ပြည်သူလူထုပါဝင်တဲ့ အကြံပြုချက်တွေကို ယူပြီးတော့မှ ကျွန်တော်တို့က ဆောင်ရွက်သွားမယ်ဆိုရင် ပိုပြီးတော့ ခိုင်မာလည်းခိုင်မာမယ်။ ပိုပြီးတော့ တစ်ဖက်နှင့် တစ်ဖက် ငြင်းချက်ထုတ်စရာလည်းမရှိဘူးလို့ ကျွန်တော်တင်ပြခဲ့ဖူးပါတယ်ခင်ဗျား။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ဟာ ပြည်သူလူရဲ့ကိုယ်စားလှယ်တွေဖြစ်တဲ့အတွက်ကြောင့် ပြည်သူ့ရဲ့ဆန္ဒတွေ၊ ပြည်သူရဲ့ လိုလားချက်တွေကို ဖြည့်ဆည်းပေးဖို့အတွက်ကို ကျွန်တော်တို့မှာ တာဝန်ရှိတယ်လို့ ယူဆပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီး အမြဲပြောပြောနေတဲ့ ကျွန်တော်တို့ မျှမျှတတဖြစ်ဖို့ ပယ်ဖျက်စရာရှိတဲ့ဥပဒေတွေကိုပယ်ဖျက်ဖို့၊ ပြင်ဆင်စရာရှိတဲ့ဟာတွေ ပြင်ဆင်ဖို့ဆိုတာ တကယ်ကောင်းမွန်တဲ့ရည်ရွယ်ချက်ဖြစ်ပါတယ်။ ကျွန်တော်တို့လည်း ဒီအတိုင်းပဲဖြစ်စေချင်ပါတယ် ခင်ဗျား။ ဒါ့ကြောင့်မို့လို့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၁(က)မှာဆိုလည်း သမ္မတတွေ၊ ဒုတိယသမ္မတ စွပ်စွဲပြစ်တင်တဲ့ပုဒ်မတွေ ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဒါကလည်း လွှတ်တော်ရယ်၊ ကျွန်တော်တို့ အုပ်ချုပ်မှုပိုင်းဆိုင်ရာရယ်၊ တရားစီရင်ရေးပိုင်းဆိုင်ရာရယ် မဏ္ဍိုင်ကြီး ၃ ခုမှာ အပြန်အလှန်ထိန်းကျောင်းတဲ့စနစ်လည်းဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီလိုအပြန်အလှန်ထိန်းကျောင်းတဲ့စနစ်မှာလည်း ဒီဥပဒေနဲ့သွားမှပဲ ရမယ်ဆိုတာကိုလည်း ကျွန်တော်တို့ သိထားပါတယ်ခင်ဗျား။ ဒါ့ကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း ဒါကိုမှန်မှန်ကန်ကန် မျှမျှတတဖြစ်အောင် စဉ်းစားပေးစေလိုပါတယ်ဆိုတာကို ပြောကြားလိုပါတယ်။ နောက်တစ်ချက်ကလည်း နိုင်ငံတကာ စံနှုန်းနဲ့ တိုင်းတာမယ်ဆိုလို့ရှိရင်ပေါ့။ ခုနက ဥပဒေကြမ်းပူးပေါင်းကော်မတီက တင်ပြသွားတာရှိပါ တယ်။ အမေရိကန်၊ အိန္ဒိယဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပါတယ်။ ဒီမှာလည်း တချို့ဟာတွေပြဋ္ဌာန်း ထားတာတွေ့ရပါတယ်။ တစ်သတ်မတ်တည်း ဒီလိုသွားရမယ်လို့တော့ မဟုတ်ပါဘူး။ သို့သော်လည်း ခေတ်နဲ့ လျော်ညီတဲ့ဥပဒေတွေပြဋ္ဌာန်းဖို့ဆိုတာ ပြည်သူလူထုပေါ်မှာလည်း မူတည်တာဖြစ်ပါတယ်။ ကျွန်တော် ခုနကတင်ပြခဲ့သလို ပြည်သူလူထုရဲ့ဆန္ဒ နိုင်ငံတော်နှင့် နိုင်ငံသားအတွက် ဒီလိုပဲ ဆောင်ရွက်မယ်ဆိုလို့ရှိရင် ဒီဥပဒေကို မြန်မြန်လေးပြဋ္ဌာန်းပေးနိုင်ဖို့ အလေးထားတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူး တင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးမောင်တိုး (မင်းလှမဲဆန္ဒနယ်)** ။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ပဲခူးတိုင်းတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ပါ။ ကျွန်တော် ၁၉၆၇ ခုနှစ်ကနေပြီးတော့ ၁၉၉၈ ခုနှစ်အထိ တပ်မတော်မှာ တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ပထမဦးဆုံးလွှတ်တော်ကိုယ်စားလှယ်များအားလုံး သိထားဖို့ကတော့ လွှတ်တော်ဟာ တပ်မတော်မဟုတ်ပါဘူး။ တပ်မတော်ကြီးပဲ အုပ်ချုပ်လို့ရလို့ရှိရင် လွှတ်တော်ဆိုတာ ပေါ်မလာပါဘူး။ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းမှာ ဒီမိုကရေစီနိုင်ငံတိုင်းမှာလွှတ်တော် ရှိတယ်ဆိုတဲ့ဥစ္စာဟာ တပ်မတော် တစ်ခုတည်း လုပ်လို့မရတဲ့အတွက် လွှတ်တော်ပေါ်တာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် တွေဟာ စစ်သင်တန်း ၆ လဆင်းလာတဲ့လူတွေ မဟုတ်ပါဘူး။ နိုင်ငံတကာတွေက လွှတ်တော်တွေမှာ ကြည့်မယ်ဆိုလို့ရင် ဒီလိုမျိုးလွှတ်တော်ထဲမှာတောင်မှပဲ လွှတ်တော်ကိုယ်စားလှယ်တွေဟာ အများကြီး ရှိမနေပါဘူး။ လွှတ်တော်ကိုယ်စားလှယ်ဆိုတဲ့ဥစ္စာ သင့်တော်တဲ့နေရာမှာ နားထောင်နေမယ်။ မဲပေးဖို့လိုတဲ့အချိန်မှာ လာထိုင်နေမယ်၊ အင်မတန်လွတ်လပ်ပါတယ်။ ဘာကြောင့်လဲဆိုတဲ့အခါကျ တော့ လွတ်လွတ်လပ်လပ်ဆန္ဒတွေကို ဖော်ထုတ်မှသာလျှင် မှန်ကန်တဲ့ ဒီမိုကရေစီဖြစ်မှာပါဖြစ်ပါတယ်။ အဲ့ဒီတော့ နံပါတ်(၁) ကျွန်တော် ပြောချင်တာက လွှတ်တော်ကိုယ်စားလှယ်တွေကို စည်းကမ်းမရှိတာ တစ်ခုတည်းနဲ့တော့ လွှတ်တော်ကိုယ်စားလှယ်မဖြစ်ထိုက်ဘူး ဆိုရင်တော့ ဒါလည်းမဟုတ်သေးပါဘူး။ အဲ့ဒီတော့နောက်တစ်ခုက ဒီ ၁ ရာခိုင်နှုန်းသော မဲဆန္ဒရှင်တွေ ခေါ်တဲ့ဟာလို့၊ မဲဆန္ဒရှင်တွေရဲ့ဟာတွေ ကို စဉ်းစားရမယ်ဆိုလို့ရှိရင် ၁ ရာခိုင်နှုန်းဆိုတဲ့ ဥစ္စာဟာ အင်မတန်မဲဆန္ဒနယ် မြေတစ်ခုမှာ လွယ်လွယ်ကူကူရနိုင်မယ့် အရေအတွက်ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာမှာ ဆိုထားပါတယ်။ ဒီလိုမျိုးအမေရိကန်သမ္မတ တွေ တောင်ကြည့်ပါ။ ဘယ်သူက ရာခိုင်နှုန်းဘယ်လောက်နဲ့ နိုင်သလဲ။ ၈၀၊ ၉၀ ရလား။ landslide Victory ဆိုတာက တော်တော်ကို များနေပြီ။ အဲ့ဒီတော့ တော်တော် ကျဉ်းမြောင်းတဲ့ Differences ပဲ။ ဘယ်သူ့ကိုမှ ဘုရားကိုတောင်မှ မကြိုက်တဲ့ လူရှိတာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တွေ တစ်ယောက်ကို ၁ ရာခိုင်နှုန်းနဲ့ ပြန်ခေါ်ဖို့အတွက်ကို လုပ်မယ်ဆိုရင်တော့ အဲ့ဒီဟာတွေနဲ့ပဲအလုပ် တွေရှုပ်နေမှာပါ။ ဒီ ၁ ရာခိုင်နှုန်းကို အလွယ်တကူ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက ရနိုင်တယ်ဆိုတာကို ရွေးကောက်တင်မြှောက်ခံဖူးတဲ့ ပုဂ္ဂိုလ်တွေအားလုံး သိပါတယ်။ အဲ့ဒီတော့ ရွေးကောက်ပွဲမှာ ဆိုလို့ရှိရင် ကျွန်တော့်သူငယ်ချင်း တစ်ယောက်က ပြောတယ်။ သူငယ်ချင်းငါ သိပ်ပိုင်တယ်ကွာ။ ငါဒီမြို့နယ်မှာတော့ တစ်ခါတည်း ၈၀ရာခိုင်နှုန်းအများဆုံးပဲရမယ်။ အနည်းဆုံး နိုင်မယ်လို့ပြောတယ်။ ကျွန်တော်ကတော့ ပြောတယ် သူငယ်ချင်းငါကတော့ ဒီမိုကရေစီအကြောင်းကို သိတယ်။ ငါကတော့ ၅၁ ရရင်တော်ပြီ။ ဘယ်သူမှ

ကိုယ့်ကို ၈၀၊ ၉၀ ရမို့မမျှော်လင့်ပါနဲ့။ ဆိုလိုချင်တဲ့ဥစ္စာက ၁ ရာခိုင်နှုန်းသော လူတွေကသာ ဒီလိုမျိုး စာတွေတင်ပြီးတော့ ဒီပြည်သူ့ ကိုယ်စားလှယ်အများစုထောက်ခံတဲ့ဟာတွေကို ဒုက္ခပေးလို့ရမယ်ဆိုရင် အဲ့ဒီဟာတွေကိုရှင်းတာနဲ့တင်ပဲ ကျွန်တော်တို့ရွေးကောက်ပွဲကော်မရှင်ရော လွှတ်တော်တွေရော အင်မတန်ရှုပ်သွားမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက လွှတ်တော် ဆိုတာက တင်လာတဲ့ ဥပဒေတိုင်းကို ဆွေးနွေးပြီးတော့ Pass လုပ်ဖို့မဟုတ်ပါဘူး။ ဒီလိုထင်နေရင် မှားသွားမယ်။ နိုင်ငံတကာလွှတ်တော် တွေမှာ အားလုံးကြည့်ပါ။ ဘယ်သူမဆိုတင်လို့ရတယ်။ ဘယ်သူမဆို လွှတ်တော်ကိုယ်စားလှယ်တွေ အားလုံးတင်လို့ရတယ်။ တချို့နိုင်ငံတကာတွေမှာ အစိုးရလည်း တင်လို့ရတယ်။ သို့သော်လည်း ဒါဟာတွေကို သက်ဆိုင်ရာကော်မတီတွေကို ပို့လိုက်တယ်။ ဒီကော်မတီ က ဒါကို Pass မဖြစ်ရင် လွှတ်တော်ခန်းမထဲကို ရောက်ကိုမလာဘူး။ ကော်မတီတောင်အဲ့ဒီလောက် ပါဝါရှိတယ်။ Speaker ဆိုတာကတော့ အရမ်းပါဝါရှိတယ်။ ဒီလိုတောင် မဲခွဲစရာမလိုဘူး။ Speaker တစ်ယောက်က ဒီဥပဒေကို ဒီမှာဆွေးနွေးဖို့ မသင့်ဘူးဆိုရင် ဆွေးနွေးစရာကို မလိုပါဘူး။ ဒါဟာလည်း သဘာဝ ကျတာပဲ။ သေချာစဉ်းစားကြည့်ပါ။ အခုလွှတ်တော်ကိုယ်စားကိုယ်စားလှယ်တိုင်းဟာ ဥပဒေကို တင်လို့ရတယ်။ အခုလွှတ်တော် ကိုယ်စားလှယ်များဥပဒေကို မတင်သေးလို့ ၊ ကိုယ်စားလှယ်ပေါင်း ၃၃၀ ရှိတယ်။ ၁၁၀ ကို ကျွန်တော်တို့ ထည့်မပြောဘူး။ ၃၃၀ က တစ်ပတ်တစ်ပတ်မှာ ဥပဒေ ၃၃၀ တင် လို့ရှိရင် အဲ့ဒီ ၃၃၀ လုံးကို ကျွန်တော်တို့က ဒီမှာ ဆွေးနွေးပြီးတော့ Pass ဖြစ်အောင်လုပ်နေရမှာလား။ စဉ်းစားကြည့်ပါ။ အဲဒီတော့ တင်လာတဲ့ ဥပဒေတိုင်းကို ကျွန်တော်တို့က အချိန်ယူအကုန်ခံပြီးတော့ ဆွေးနွေးစဉ်းစား ပြီးတော့ Pass ဖြစ်စရာ မလိုပါဘူး။ ဒီလိုဖြစ်သင့်လား၊ မဖြစ်သင့်ဘူးလား။ ဒီဥပဒေကြမ်းကော်မတီရဲ့ ရှင်းလင်းချက်မှာ ရှင်းနေပြီ။ နိုင်ငံတကာဥပမာနဲ့ ပြထားတယ်။ ၁ ရာခိုင်နှုန်း နဲ့က ဘယ်လိုမှ ဒါမဖြစ်သင့်ဘူး။ ဒါကြောင့်မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဥပမာဆိုပါတော့ ဒါဟာ United Kingdom ဆိုတဲ့ နိုင်ငံဟာ သူကစပြီးတော့ ဒီမိုကရေစီ ကျင့်သုံးခဲ့တာပါ။ သူ့ရဲ့စနစ်က Parliamentary Sovereignty လို့ ခေါ်တယ်။ Parliamentary Sovereignty ဆိုတာ ပါလီမန် သာလျှင် အားလုံးကို ဆုံးဖြတ်တယ်လို့ သူကချမှတ်ထားတာဖြစ်တဲ့အတွက် သူ့တို့ရဲ့ အထက်လွှတ်တော်ဟာ ၂၀၀၉ ခုနှစ် ထိကို Judicial Power ရဲ့ တော်တော်များများကို ယူထားတယ်။ သူတို့ရဲ့လွှတ်တော်ထဲမှာ ဘုရင်မ လည်း ရှိနေတာဖြစ်တဲ့အတွက် လွှတ်တော်က ဆုံးဖြတ်တာ အားလုံးအတည်ပဲ။ အဲ့ဒီလို လုပ်ခဲ့တယ်။ သို့သော်လည်းပဲ စောစောက တစ်ချို့ဆွေးနွေးသွားသလို အမေရိကန် နိုင်ငံပေါ်လာတဲ့အခါမှာ ဒီအုပ်ချုပ်ခံလူတန်းစားတွေရဲ့ Sovereignty of the Governed People ဒီလူတွေရဲ့ဟာကို အတတ်နိုင် ဆုံးအစွမ်းကုန်ကာကွယ်ရမယ်ဆိုပြီးတော့

အမေရိကန်နိုင်ငံကနေပြီးတော့ တီထွင်ပြီးတော့မှ Check and Balance တို့၊ **Scrutiny တို့၊ Oversight** တို့တွေ ဖြစ်လာတယ်။ ဖြစ်လာတဲ့အပြင်ကို အမေရိကန်နိုင်ငံဟာ အထူးသဖြင့် အောက်လွှတ်တော်ဟာ ပြည်သူ့တွေရဲ့ဆန္ဒတွေကို ကိုယ်စားပြုရ မယ်။ ဒါကြောင့်မို့လို့ ပြည်သူတွေဟာ အောက်လွှတ်တော်ရဲ့အမတ်တွေကို သူက သူတို့လုပ်တာကို ကြည့်ပြီးတော့ ရွေးကောက်ပြီးရင် အကြာကြီး သူ့ကိုမဟုတ်တာလုပ်တာကို ကြည့်လို့မရအောင်ဆိုပြီးတော့ ၂ နှစ်နဲ့ ပြန်ခေါ်လို့ရအောင် လုပ်ထားတယ်။ ဒါကြောင့်မို့ အမေရိကန်နိုင်ငံမှာ ၂ နှစ်ကို တစ်ကြိမ်ရွေးကောက်ပွဲလုပ်ပါတယ်။ ဒါဟာဘာလဲဆိုတော့ ရွေးကောက်ခံပြီးတာနဲ့ တစ်ပြိုင်နက် ၅ နှစ်၊ ၆ နှစ်နေလို့ရှိရင် ဒီလူက မဟုတ်တာတွေကို ၅ နှစ်အတွင်းမှာ မလုပ်နိုင်အောင် ဆိုပြီးတော့ အောက်လွှတ်တော်ကို ၂ နှစ် သက်တမ်းပဲရှိတယ်။ အထက်လွှတ်တော်ကျတဲ့အခါကျတော့ ဒီလိုမျိုးအကုန်လုံးပြောင်းလို့လည်း မဖြစ်သေးဘူး။ အထက်လွှတ်တော်ဆိုတာ နိုင်ငံတကာနဲ့ ဆက်ဆံတဲ့အခါမှာ Long Term ဖြစ်တဲ့အတွက် သူက Stable ဖြစ်ရမယ်။ ဖြစ်တဲ့အတွက် အထက်လွှတ်တော်ကို သက်တမ်း ၆ နှစ် ထားတယ်။ ဒါတောင်မှပဲ ဒီထဲမှာ ၃ ပုံ ၁ ပုံကို ၂ နှစ် တစ်ခါလဲတယ်ဆိုတဲ့ သဘောကတော့ အမေရိကန်နိုင်ငံရဲ့ Constitution ဟာဆိုလို့ရှိရင် အုပ်ချုပ်ခံပြည်သူတွေရဲ့ အချုပ်အခြာ အာဏာကို ကာကွယ်ဖို့အတွက်ကို အစွမ်းကုန်ထားတာ။ Jame Medison တို့၊ Hamilton တို့က ဒါတွေကို ဆွဲခဲ့တဲ့ဥစ္စာတွေ Federalist Paper ၁ ကနေ ၈၀ ထိရှိတယ်။ ဒီဟာတွေ ဆွဲခဲ့တာတောင်မှ ဒါမျိုးထည့်မထားဘူး။ ဒီလိုမျိုး ၁ ရာခိုင်နှုန်းနဲ့ လုပ်လို့ရမယ် ဆိုရင်တော့ ဘယ်လိုမှ မဖြစ်သင့်ပါ ဘူး။ လုပ်ချင်ရင်တော့ တကယ့်ပြည်သူတွေရဲ့ဆန္ဒကို ထင်ဟပ်အောင် လုပ်ချင်တယ်ဆိုရင်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ပြီးတော့ ၂ နှစ်သက်တမ်းနဲ့ အောက်လွှတ်တော်ကို ဆွဲရင်လည်းဆွဲ သို့သော်လည်းပဲ သူတို့ရဲ့ အထက်လွှတ်တော်နဲ့ ကျွန်တော်တို့ရဲ့ အထက်လွှတ်တော်၊ သူတို့ရဲ့အောက် လွှတ်တော်နှင့် ကျွန်တော်တို့အောက်မတူပါဘူး။ မတူတာတွေက အများကြီးရှိပါတယ်။ ကျွန်တော် ပြောချင်တာက စောစောကတစ်ချို့ဆွေးနွေးသွားသလို လွှတ်တော် ကိုယ်စားလှယ်တွေဟာ စည်းကမ်း မလိုက်နာလို့တို့ ဘာညာပေါ့၊ ဒီလိုမျိုးတွေ ဒီဟာမျိုးတွေနဲ့တော့ မဖြစ်ပါဘူး။ ဒါမျိုးနဲ့တော့ လွှတ်တော် ကိုယ်စားလှယ်တွေကိုလုပ်လို့ မရပါဘူး။ အခုဒီဟာတောင်လွန်လှပြီ။ သူများနိုင်ငံတွေက လွှတ်တော် တွေမှာ အားလုံးလေ့လာကြည့်ပါ။ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ လွတ်လွတ်လပ်လပ်နေပြီးတော့ အရေးကြီးတဲ့ အချိန်ကျမှမဲလာပေးတာ ခုဒီမှာ ခေါင်းပေါင်းကြီးဆောင်းပြီး တစ်နေကုန် ထိုင်နေရတာ ဆိုတာ ဒါဒီနိုင်ငံလွှတ်တော်မှာမှ ဖြစ်တာ။ ဒီဟာအကြောင်းပြချက် လေးတစ်ခုတည်းနဲ့တော့ လွှတ်တော် ကိုယ်စားလှယ်တွေကို ၁ ရာခိုင်နှုန်းနဲ့ ပြန်ခေါ်သင့်တယ်ဆိုတဲ့ ဒီဥပဒေကို စဉ်းစားရမယ်ဆိုလို့ရှိရင်

တော့ ကျွန်တော်တို့ လွှတ်တော်ကြီးဟာ အချိန်ကုန်ပြီးတော့ အကျိုးမရှိတာဖြစ်မှာ ဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီဥစ္စာဟာ မဖြစ်နိုင်ဘူးဆိုတာကို၊ မဖြစ်သင့်ဘူးဆိုတဲ့ဟာကို ရွေးကောက်ပွဲဝင်ဖူးတဲ့ လွှတ်တော်ကိုယ်စားလှယ် အားလုံးသိပါတယ်လို့ ဆွေးနွေးရင်းနဲ့ တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဒုတိယဗိုလ်မှူးကြီးတင့်ဆန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ခုန ကိုယ်စားလှယ်တော်ကြီး ဦးမောင်တိုး ဆွေးနွေးသွားတဲ့ အထဲမှာ အချို့ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၀ နှင့်မကိုက်ညီတာတွေ ပါပါတယ်။ အခု လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ရဲ့ဆွေးနွေးမှုဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပဲ ဦးတည်ပြီးဆွေးနွေးရမှာ ဖြစ်ပါတယ်။ နိုင်ငံရေးလုပ်တဲ့သူတိုင်းဟာ သဘောထားကြီးရမယ်လို့ သိထားပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ သွန်သင်ဆုံးမမှုတွေအပေါ်မှာ ပြောဆိုညွှန်ကြားမှုတွေဟာ အားလုံးကို စိတ်ရှည်သည်းခံစွာနဲ့ ခွင့်လွှတ်နိုင်တဲ့စိတ်ဟာ လူတိုင်းမှာ မရှိနိုင်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်ဆိုလိုတဲ့သဘောဟာ အခြေခံဥပဒေနှင့်အညီ ဆွေးနွေးနေတဲ့ အကြောင်းအရာတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တစ်ဖက်စွန်းရောက်သွားဖို့ဆိုတဲ့ အတိုင်းအတာကို ကျွန်တော်တို့ ကန့်ကွက်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှာ ရပိုင်ခွင့်ရှိပါတယ်။ Liberal ပိုင်းရှိပါတယ်။ Conservative ပိုင်း ရှိပါတယ်။ Liberal ပိုင်းကို များသွားရင် Conservative ပိုင်းကို ချို့ယွင်းသွားမှာ ဖြစ်ပါတယ်။ ဒါဆို ရင် လွှတ်တော်ကိုယ်စားလှယ် ဖြစ်မလားဆိုတဲ့ဟာမျိုးကို တွေ့ရမှာ ဖြစ်ပါတယ်။ လူတိုင်းဟာ လွတ်လပ်မှုကိုပဲ ဦးစားပေးလိုက်ရင် တစ်ဖက်စွန်းရောက်သွားပြီးတော့ ကျွန်တော်တို့ အကုန်လုံးဟာ ဦးတည်ရာမရ ရည်ရွယ်ချက်တွေ၊ ရည်မှန်းချက်တွေ မအောင်မြင်ဘဲ ဖြစ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာရောက်နေတဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဆိုတာကလည်း အမျိုးသားနိုင်ငံရေးလုပ်နေတဲ့ နိုင်ငံရေးသမားတွေပဲ ဖြစ်ပါတယ်။ အတိအကျပြော ရမယ်ဆိုရင် လွှတ်တော်ဥက္ကဋ္ဌကြီး အမြဲပြောနေတဲ့ ဒီမိုကရေစီဘက်တော်သားတွေပဲ ဖြစ်ပါတယ်။ ဒါကိုတော့ သတိမေ့ပြီးတော့ ထားဖို့မသင့်ဘူးလို့ ယူဆပါတယ်။ ကျွန်တော်တို့က သဘောထား ကြီးကြီးနဲ့ ဆွေးနွေးတဲ့အခါမှာ Liberal ပိုင်းကို အလွန်ရောက်သွားတဲ့အခါမှာ တစ်ဖက်က စည်းမျဉ်းစည်းကမ်းပိုင်းဖြစ်တဲ့အပိုင်းကို လျော့သွားရင် ဒါဟာ ဒီမိုကရေစီမဆန်ဘူးလို့ဘဲ မြင်ပါတယ်။ အခုလို ပြောခွင့်ရတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ အမြဲတမ်းနားရည်ဝ နေတဲ့ စကားတွေဖြစ်တဲ့အတွက်ကြောင့် ဒါကိုလည်း ပြောဆိုခြင်းပဲ ဖြစ်ပါတယ်လို့ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ အခု ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ဖတ်ကြားတဲ့ လွှတ်တော် ကိုယ်စားလှယ်များ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်က ဆောင်ရွက် တဲ့လုပ်ငန်းစဉ်ကို အခိုက်အတန့်အားဖြင့် ဆိုင်းငံ့ပေးဖို့ တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ် ပါတယ်။ ကျွန်တော်ကတော့ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဖြစ်ပါတယ်။ ဒီတာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကလည်း ရွေးကောက်ခံပြည်သူ့ကိုယ်စားလှယ်တွေနဲ့ပဲ သက်ဆိုင် ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ထဲမှာ ရွေးကောက်ခံကိုယ်စားလှယ်တွေရှိသလို၊ တပ်မတော်သား ကိုယ်စားလှယ်တွေရှိတယ်ဆိုတာကိုလည်း အသိအမှတ်ပြုပါတယ်။ ဒါက လွှတ်တော်ရဲ့ ဥပဒေအရ ရှိနေတဲ့ အနေအထားတွေ ဖြစ်ပါတယ်။ ဒါပေမယ့် လွှတ်တော်ကိုယ်စားလှယ်တွေကို တာဝန်က ပြန်လည်ရုပ်သိမ်းခြင်းဆိုတဲ့နေရာမှာတော့က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆ နှင့် ၃၉၇ မှာ ရေးထားတဲ့ဟာတွေကတော့ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ပဲ သက်ဆိုင်ပါတယ်။ ကျွန်တော်တို့ ဒီပြည်သူ့လွှတ်တော်က ဆောင်ရွက်နေတဲ့အနေအထားကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာမှာလည်း ပြည့်ပြည့်စုံစုံပါဝင်သွားပြီး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာမှာ ကျွန်တော်တို့ နိုင်ငံအတွင်းက လုပ်ဆောင်ချက်တွေ၊ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေအပြင် နိုင်ငံတကာမှာ လွှတ်တော်ကိုယ်စားလှယ်တွေကို ဘယ်လိုလက်ခံဆောင်ရွက်ကြတယ်။ အရေးယူကြတယ်ဆိုတာကို လည်း လေ့လာမှတ်သားနိုင်လောက်အောင် အချက်အလက်တွေ တင်ပြသွားတာ ကြားလိုက်ရပါတယ်။ ကျွန်တော်တို့ကို ဒီလွှတ်တော်ထဲကို လွှတ်တော်ကိုယ်စားလှယ်များ တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း ဆိုင်ရာဥပဒေကြမ်းရောက်လာတာလည်း ဥပဒေနှင့်အညီရောက်လာတာပါ။ ဒီဥပဒေကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က တင်သွင်းခဲ့ပါတယ်။ တင်သွင်းတဲ့အတွက်ကြောင့် ကျွန်တော်တို့ လွှတ်တော်မှာလည်း ဆွေးနွေးဖို့ဆိုပြီးတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းထားလို့ ကိုယ်စားလှယ်တွေကလည်း စာရင်းပေးထားကြပြီး ဒီလိုအချိန်ကာလမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျွန်တော်တို့ လွှတ်တော်ကို သဘောထားမှတ်ချက်တွေ ပြန်ပေးလာပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ချက်တင်ပြလိုတာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၆ ပုဒ်မခွဲ(ခ)မှာ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး ၁ ရာခိုင်နှုန်းတို့က တာဝန်မှပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရမည်လို့ ဖော်ပြပါရှိပါတယ်။ ပုဒ်မ

၃၉၇ မှာတော့ ဥပဒေနှင့်ရုပ်သိမ်းဖို့ ဥပဒေလိုတယ်ဆိုတာ ပြဋ္ဌာန်းထားပါတယ်။ ကျွန်တော်တို့ ဒီ ၁ ရာခိုင်နှုန်းဆိုတာက လူ ၁၀၀ မှာ တစ်ယောက်က မကျေနပ်ရင် Right of Recall ကို စပြီးတော့ Initiate လုပ်လို့ရတယ်ဆိုတာ အခွင့်အရေးမှန်ပါတယ်။ ဥပဒေတစ်ရပ်ဖြစ်လာဖို့ဆိုတာ ကျွန်တော်တို့ လွှတ်တော်ကြီးရဲ့အလုပ်ပါ။ ဥပဒေတစ်ရပ်ဟာ မှန်ကန်ဖို့၊ တရားမျှတဖို့ လိုပါတယ်။ အဲ့ဒီလို မှန်ကန်မျှတမှုသာလျှင် ကျွန်တော်တို့ဥက္ကဋ္ဌကြီး မကြာခဏ လမ်းညွှန်တဲ့ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး ဖြစ်ပါလိမ့်မယ်။ အဲ့ဒီတော့ ဒီမှာ လူ ၁၀၀ မှာတစ်ယောက်က မကျေနပ်လို့ မကြိုက်လို့ တစ်ခုခု ပြဿနာလုပ်မယ်ဆိုလို့ရှိရင် အလုပ်ခံရမှာ ကြောက်လို့မဟုတ်ဘူး။ ပြဿနာစပြီးတော့ Initiate လုပ်ပြီဆိုလို့ရှိရင် နိုင်ငံတော်နှင့်ဆိုင်လာပြီ။ နိုင်ငံတော်က လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ကို တာဝန်မှပြန်လည်ရုပ်သိမ်းဖို့အတွက် လုပ်မယ်ဆိုလို့ရှိရင် သူ့ပုဂ္ဂလိကလုပ်ငန်းမဟုတ်ပါဘူး။ နိုင်ငံတော်နှင့်ဆိုင်တဲ့အတွက်ကြောင့် ငွေကုန်ကြေးကျရှိလာမယ်။ ငွေကုန်ကြေးကျတွေရှိလာတဲ့အခါ ကျွန်တော်တို့က ဒါစဉ်းစားရမယ်။ ကျွန်တော်တို့လွှတ်တော်က စဉ်းစားနေတာက ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ၁ ရာခိုင်နှုန်း Initiate လုပ်လို့ ရတယ်။ ဒါကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ငြင်းစရာမရှိဘူး။ ဒါပေမယ့်လည်း ပုဒ်မ ၃၉၇ မှာ ပြဋ္ဌာန်းဥပဒေလိုတယ်။ ဒီ ၁ ရာခိုင်နှုန်းက Initiate လုပ်လို့ရပြီ။ ရတဲ့ဟာကို တရားမျှတဖို့၊ မှန်ကန်ဖို့အတွက် ဥပဒေပြဋ္ဌာန်းဖို့လိုတယ်။ ဥပဒေပြဋ္ဌာန်းတဲ့အခါ တရားမျှတဖို့လိုတယ်၊ မှန်ကန်ဖို့လိုတယ်။ ဒီစွပ်စွဲခံရတဲ့ ကိုယ်စားလှယ်တွေအတွက် ကာကွယ်တာ ပြည်သူတွေအတွက် ကာကွယ်တာ ပြည်သူ့ကိုယ်စားလှယ်ပဲ။ ဒီလိုကာကွယ်ပေးတဲ့နေရာမှာ ကျွန်တော်တို့ အပြောင်းအပြန် အခေါက်ခေါက်အခါခါ ပြည်သူ့လွှတ်တော်ရဲ့ အစီရင်ခံစာမှာလည်း ပါပါတယ်။ မျှတအောင်လုပ်နိုင်မှ ကျွန်တော်တို့ မှန်ကန်တဲ့ဥပဒေတစ်ခုရမှာဖြစ်တဲ့အတွက်ကြောင့် ဒီလို မျှတမှန်ကန်အောင်လုပ်မယ်၊ ကိုင်မယ့်အစီအစဉ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဒီဟာကို သဘောမကျလှတဲ့ အခြေအနေမှာ ကျွန်တော်တို့က ဒီလိုကြန့်ကြာနေတဲ့အချိန်တစ်ခု ဖြစ်နေတယ်ဆိုတာကိုလည်း ဥက္ကဋ္ဌကြီးကတစ်ဆင့် လွှတ်တော်ကို တင်ပြလိုပါတယ်။ အဲ့ဒီလို အချိန်ကာလမှာပဲ ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို လေ့လာ သုံးသပ်ဖို့ဆိုပြီးတော့ ကော်မတီတစ်ရပ်ဖွဲ့ထားပါတယ်။ ဒီလိုဖွဲ့လိုက်တဲ့အခါ ဒီဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၉၆ ပုဒ်မခွဲ(ခ)မှာဖော်ပြထားတဲ့ ၁ ရာခိုင်နှုန်းကို တစ်စုံတရာ စဉ်းစားပေးလိုက်လို့ရှိရင် ဒီလိုကျွန်တော်တို့ ဥပဒေပြဋ္ဌာန်း လိုက်တဲ့ Process မှာပိုက်ဆံတွေ အကုန်အကျအများကြီးခံပြီးတော့ Right of Recall ကို လုပ်ရမယ့်ဟာ နည်းနည်းသက်သာတဲ့အခြေအနေတွေကို ဘယ်လိုများ စဉ်းစားပေးနိုင်မလဲ။ ဒါကျွန်တော်တို့အတွက် မဟုတ်ဘူး။ နိုင်ငံတော်အတွက်၊ အဲ့ဒီလို နိုင်ငံတော်

အတွက် တစ်ခုခုစဉ်းစားပေးနိုင်တဲ့ အဖြေတွေရလာနိုင်တယ်။ ဒီလိုရလာနိုင်တဲ့အတွက်ကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးအပါအဝင် လွှတ်တော်ကိုယ်စားလှယ်တွေက နိုင်ငံ့အကျိုးပြည်သူ့အကျိုးတွက်ပြီးတော့ ဒီလိုချိန်ဆပြီးတော့ ဒီအစီရင်ခံစာကို ထောက်ခံကြလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ ကျွန်တော်တို့ဒီ အခုလုပ်နေတဲ့ဟာက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လုပ်နေတယ်။ ဥပဒေနှင့်အညီ ဆောင်ရွက်ဖို့ကို ကျွန်တော်တို့ လွှတ်တော်ဥက္ကဋ္ဌကြီးက မကြာခဏကျွန်တော်တို့ တိုက်တွန်းနေသလို လွှတ်တော်ကိုယ်စားလှယ်တွေ ဘယ်သူကမှ ဥပဒေနှင့်အညီလုပ်လို့ ဒီဟာကို မကြောက်ပါဘူး၊ မစိုးရိမ်ပါဘူး၊ မကြောင့်ကြပါဘူး။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးကလည်း ဒီလိုဥပဒေနှင့်အညီ ဆောင်ရွက်ဖို့ကို ကျန်တဲ့အုပ်ချုပ်ရေးအဖွဲ့အစည်းအပါအဝင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံး အမြဲတမ်းပြောနေဆိုနေကြတဲ့ပုဂ္ဂိုလ်တွေ ဖြစ်တဲ့အတွက်ကြောင့် ဥပဒေနှင့်အညီ ဆောင်ရွက်ဖို့ကိုတော့ လိုလားပါတယ်။ သို့သော် စောစောက အစီရင်ခံစာမှာဖော်ပြတဲ့ ဖော်ပြချက်တွေအပြင် အခုတင်ပြတဲ့ ဒီ ၁ ရာခိုင်နှုန်း Right of Recall ကို Initiate လုပ်မယ်ဆိုလို့ရှိရင် လုပ်လို့ရတယ်၊ လုပ်ခွင့်ရှိတယ်။ ကျွန်တော်တို့တွေကလည်း ဖွဲ့စည်းပုံဥပဒေကို လိုက်နာတယ်။ သို့သော် ဒီလိုလုပ်မယ်ဆိုလို့ရှိရင် မှန်ကန်မျှတဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၇ မှာ ပေးထားတဲ့အခွင့်အာဏာကို ကျင့်သုံးပြီးတော့ အကောင်းဆုံးဘယ်လို လုပ်နိုင်မလဲဆိုတဲ့ အခြေအနေတွေ ပေါ်လာအောင်လို့ ကျွန်တော်တို့ လုပ်နေတဲ့လုပ်ငန်း Process ကို ခဏခေတ္တစောင့်ဆိုင်းပြီးတော့ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပေးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာဆန်းစစ်ရေးကော်မတီက သုံးသပ်ချက်တွေ ပေါ်ထွက်လာတဲ့အခါ လုပ်လို့ရှိရင် ပိုပြီးတော့ နိုင်ငံတော်အတွက်၊ ပြည်သူ့တွေအတွက် တန်ဖိုးရှိမယ်၊ အချိန်တစ်ခုဖြစ်လာလိမ့်မယ်။ အခြေအနေတစ်ခုပေါ်ပေါက်လာလိမ့်မယ်လို့ ကျွန်တော် ယုံကြည်တဲ့အတွက်ကြောင့် ထောက်ခံဆွေးနွေးခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။လုံလောက်ပါပြီ။ အဲ့ဒီတော့ ကော်မတီတစ်ခုမှာ သူ့မှာတာဝန်တွေ၊ လုပ်ပိုင်ခွင့်တွေရှိပါတယ်။ ကျွန်တော် တင်ပြခဲ့ပါတယ်။ လွှတ်တော်က ဖွဲ့စည်းထားတဲ့ကော်မတီများဟာ လွှတ်တော်အငယ်စားများ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကော်မတီတွေဟာ လွှတ်တော်ကဲ့သို့ ကျင့်သုံးဆောင်ရွက်ဖို့ အမြဲတမ်းလည်း တိုက်တွန်းနှိုးဆော်ပါတယ်။ ဒီနေ့ သက်ဆိုင်ရာဥပဒေကြမ်းကော်မတီက လွှတ်တော်အငယ်လေးတစ်ခုကျင်းပပြုလုပ်ပြီး အခုလိုသုံးသပ်ပြီးတင်ပြတဲ့ကိစ္စဖြစ်ပါတယ်။ တင်ပြတဲ့ကိစ္စပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များလည်း ဆွေးနွေးပိုင်ခွင့်ရှိပါတယ်။ သို့ရာတွင် သူတို့ရဲ့ဆုံးဖြတ်တင်ပြချက်ကိုတော့ လိုအပ်မယ်ဆိုလို့ရှိရင် လွှတ်တော်ရဲ့အဆုံးအဖြတ်ခံယူ

ဖို့အတွက် အခုလိုလွှတ်တော်ထံတင်ပြခြင်းဖြစ်တယ်လို့ ယူဆပါတယ်။ ဒါလည်း အကြောင်းတွေရှိပါတယ်။ ကျွန်တော်တို့ ဒီလွှတ်တော်သက်တမ်းကာလအတွင်းမှာပဲ တချို့ တချို့ ကိုယ်စားလှယ်တွေကို လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှရုပ်သိမ်းဖို့ တချို့နေရာတွေမှာလက်မှတ်လိုက်ထိုးခိုင်းပါတယ်။ တချို့နေရာတွေမှာ ဘယ်နေရာတွေဆိုတာလည်း တချို့ပြန်ပြီးတော့သိကြမှာပါ။ အဲ့လို လက်မှတ်တွေလိုက်ထိုးပြီးတဲ့အခါမှာ ဆောင်ရွက်မယ်ဆိုလို့ရှိရင် ခုနက တချို့ တချို့တင်ပြသွားသလို မလိုလားအပ်တဲ့ ပြဿနာတွေ၊ ပြီးတဲ့အခါမှာ နိုင်ငံအတွက် ငွေကြေးကုန်ကျမယ့်ကိစ္စတွေ၊ ဒီအပြင် နိုင်ငံရေးမတည်ငြိမ်မှုတွေ၊ အချင်းချင်း တစ်ပါတီနှင့်တစ်ပါတီ တိုက်ခိုက်မှုတွေ ပိုများလာနိုင်တယ်။ အဲ့ဒီလိုဆိုလို့ရှိရင် မိမိတို့နိုင်ငံက ရည်မှန်း၊ မျှော်မှန်းထားတဲ့ ပါတီစုံဒီမိုကရေစီနှင့် စျေးကွက်စီးပွားရေးစနစ်ကိုအနှောင့်အယှက်ဖြစ်နိုင်တယ်ဆိုပြီးတော့လည်း သီးခြားနှုတ်ဖြင့်လာပြီး တင်ပြတာလည်းရှိပါတယ်။ သို့ရာတွင် လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဆုံးခန်းတိုင်လုပ်ကြည့်ပါဦး။ စိတ်ရှည်သည်းခံပြီးတော့ စဉ်းစားဆောင်ရွက်ပါ။ စဉ်းစားဆောင်ရွက်ပြီးတဲ့အခါမှာ အခုလိုပဲ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးကော်မတီကို ဖွဲ့စည်းတယ်။ ဖွဲ့စည်းတဲ့အချိန်ကျတဲ့အခါကျတော့ ထပ်ပြီးသူတို့က တင်ပြတယ်။ ဒီကာလမှာတော့ လွှတ်တော်ကိုတင်ပြပြီးတော့ ဒီကာလမှာတော့ ခေတ္တဆိုင်းငံ့သင့်ပါတယ်။ ဒီလိုဆိုလို့ရှိရင်တော့ လွှတ်တော်ကိုတင်ပြ လွှတ်တော်ကအဆုံးအဖြတ်ယူမယ်။ ပိုပြီးခိုင်မာသွားအောင် အဲ့လိုအခြေအနေမှာ ခုန တပ်မတော်သားကိုယ်စားလှယ်တွေကလည်း သူတို့အမြင်၊ သူတို့အယူအဆတွေကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတာ အားလုံးကြားရတဲ့အတွက် ဒါ ဝမ်းမြောက်စရာပါ။ ဒီနေရာမှာ မိမိတို့လွှတ်တော်ရဲ့လုပ်ငန်းစဉ်ကို ပြန်ပြီးသုံးသပ်မယ်ဆိုရင် လွှတ်တော်က ဥပဒေပြုရေးတာဝန်ပါ။ ဥပဒေပြုရေးတာဝန်ဖြစ်တဲ့အတွက် ဒီ ဥပဒေတစ်ရပ်ဖြစ်လာဖို့ မိမိတို့ အမြဲပြောနေကြပါတယ်။ နိုင်ငံနှင့် နိုင်ငံသားအကျိုးစီးပွားဖြစ်ထွန်းစေသော ဥပဒေများဖြစ်ဖို့လိုတယ်။ အဲ့ဒီရဲ့နောက်ကွယ်မှာမပြောဘဲကျန်တာက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေး မဖြစ်ဖို့ လိုတယ်ဆိုတာတော့ မပြောခဲ့ပါဘူး။ ကဲဒါကြောင့်မို့လို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက်လည်း မိမိတို့ပြဋ္ဌာန်းလိုက်တဲ့ဥပဒေတွေက လိုအပ်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့ဥပေဒပြုတာဝန်ရှိတဲ့ လွှတ်တော်အဖွဲ့အစည်းအနေနဲ့ ဥပဒေပြုတဲ့နေရာမှာ လူတစ်ယောက်အကျိုး၊ တစ်ပါတီ၊ တစ်ဖွဲ့အစည်းအကျိုးမဖြစ်စေဘဲနဲ့ နိုင်ငံတော်အကျိုးကို ဖြစ်ထွန်းစေမယ့် ဥပဒေများဖြစ်ဖို့ အမြဲတိုက်တွန်းဆော်ဩထားတာ ရှိပါတယ်။ ကဲဒါကြောင့်မို့လို့ အခု ဥပဒေကြမ်းကော်မတီရဲ့ တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် လွှတ်တော်အငယ်လေးရဲ့တင်ပြချက်အပေါ် မူတည်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက အဆုံးအဖြတ်ပေးဖို့ ဖြစ်ပါတယ်။ အခု

ဆွေးနွေးနေတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကတင်ပြလာတဲ့ ဥပဒေကြမ်းအပေါ် ဥပဒေ မဟုတ်ဘူး။ ဥပဒေကြမ်းအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးကော်မတီ ဖွဲ့စည်း ဆောင်ရွက်တဲ့ကာလအတွင်းမှာ ခေတ္တဆိုင်းငံ့ထားဖို့ကိစ္စနှင့်ပတ်သက်လို့ လွှတ်တော်ရဲ့ သဘောထား မေးပါ့မယ်။ လွှတ်တော်က သဘောတူပါသလား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။သဘောမတူသူရှိပါသလား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ ရဲ့ တင်ပြချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုချက်ဖြင့်ပေးပို့သော မြန်မာနိုင်ငံကုန်စည် အမှတ်အသားများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကိုလက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီကအစီရင်ခံစာတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်တွင် စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော မြန်မာနိုင်ငံကုန်စည် အမှတ်အသားများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၉-၈-၂၀၁၃ ရက်နေ့တွင် လက်ခံ ရရှိပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၈ အရ ယင်းဥပဒေကြမ်း၏မိတ္တူများကို ပြည်သူ့ လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များထံလေ့လာနိုင်ရန် ဖြန့်ဝေထားပါတယ်။ ယခု ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီကိုယ်စား အမျိုးသားလွှတ်တော်ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံကုန်စည်အမှတ်အသားများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာအား ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော မြန်မာနိုင်ငံကုန်စည်အမှတ်အသားများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ဒီဥပဒေကြမ်းကို ပြင်ဆင်ရေးဆွဲရခြင်းရဲ့ အဓိကရည်ရွယ်ချက်များမှာ -

(က) ကုန်သန်းရောင်းဝယ်မှုနှင့်ပတ်သက်၍ ခေတ်နဲ့လိုက်လျောညီထွေမဖြစ်သည့် ပြဋ္ဌာန်းချက်များအား ခေတ်နှင့်အညီဖြစ်စေရန်၊

(ခ) ဥပဒေပြဋ္ဌာန်းချက်ပါဒဏ်ငွေများအား ယနေ့ခေတ်အခြေအနေနဲ့ လိုက်လျောညီထွေမှုဖြစ်စေရန် လိုအပ်ခြင်းတို့ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၁.၈.၂၀၁၃ ရက်နေ့တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနဲ့ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးတွင် ဒီဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နဲ့အညီစိစစ်ခဲ့ကြရာ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအတိုင်း လက်ခံရန် သဘောတူခဲ့ကြပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့အစီရင်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံကုန်စည်အမှတ်အသားများဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများအက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်တိကျစွာဖော်ပြ၍ ၂၇-၈-၂၀၁၃ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးကြရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၂၆)ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို ၂၆-၈-၂၀၁၃ ရက်နေ့ (တနင်္လာနေ့) ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်**။ ၁၃ း၁၅။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တောဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို ၁၃း၁၅ နာရီအချိန်တွင်ရပ်နားပါသည်။]